ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်**

**( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီနေ့ အစည်းအဝေးကို (၂၀၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၃၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက်၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဒေါ်မြတ်သီတာထွန်း၊မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ၂၈-၁၁-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်

ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဖြစ်တဲ့ ကျွန်မဒေါ်မြတ်သီတာထွန်းက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေးကိစ္စ။ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ရှမ်းပွဲတော် အခမ်းအနားတက်ရောက်ရန်။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးတင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေးကိစ္စ။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ကျန်းမာရေး။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်နှင့် ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁၆)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ (၁၆)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြ ချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို တစ်ခုအခွင့်အရေးပေးပါမယ်။ ပြီးခဲ့တဲ့ကာလ တွေမှာ မေးခွန်းတွေကို (၃)မိနစ်အတွင်းပြီးအောင် မေးဖို့ခွင့်ပြုထားပါတယ်။ (၃)မိနစ်ကျော်ခွင့်ပြုတယ်။ ဒါနဲ့ ခုန ကျွန်တော် ဒီလိုကန့်သတ်ချက်အပေါ်မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက လိုက်နာ ဆောင်ရွက်တာကို တွေ့ရှိရတဲ့အတွက်ကြောင့်လည်း အများကြီးဝမ်းသာပါတယ်။ (၃)မိနစ်အတွင်း ပြီးအောင် မေးခဲ့ကြတာလည်း တွေ့ခဲ့ရပါတယ်။ ဒါကြောင့် အများကြီးလည်းဝမ်းသာတယ်။ ကျေးဇူးလည်း တင်တယ်။ ဒါပေမဲ့ တချို့မေးခွန်းတွေမှာကျတော့ (၃)မိနစ်ထက် နည်းနည်းပိုမယ်ထင်တဲ့အတွက် ကျွန်တော့်ကို ဥပဒေအရ လုပ်ပိုင်ခွင့်ပေးထားတဲ့အထဲက (၂)မိနစ်ကို ကျွန်တော် ထပ်တိုးပေးပါမယ်။ ဒီကနေ့ လွှတ်တော်အစည်းအဝေးကစပြီး (၅)မိနစ် ကျွန်တော် ခွင့်ပြုပါမယ်။(သြဘာသံများ)

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေ ကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လမ်းဘေး လေလွင့်ကလေးသူငယ်များ ဘဝလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပညာသင်ကြားရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် မှတ်ပုံတင်ရရှိရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင် က လမ်းဘေး လေလွင့်ကလေးသူငယ်များ ဘဝလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပညာသင်ကြားရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် မှတ်ပုံတင်ရရှိရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ဈေးများ၊ ကားဂိတ်များ၊ ဘူတာရုံများ၊ လမ်းဘေးများ အစရှိတဲ့ နေရာတွေမှာ လမ်းဘေးလေလွင့်ကလေးသူငယ်များ တော်တော်များများ အရေအတွက်နဲ့ ရှိနေပါတယ်။ ဒီကလေးသူငယ်များ လမ်းဘေးလေလွင့် ဖြစ်ရခြင်းရဲ့ အကြောင်းအရင်းဟာ မိဘမဲ့ကြလို့၊ မိဘတွေတစ်ကွဲတစ်ပြား အိမ်ထောင်ကွဲပြားကြလို့၊ လူကြီးသူမ၊ ဦးကြီး၊ ဒေါ်ကြီး အစရှိတဲ့ သူတွေက ပြင်းထန်စွာ ရိုက်နှက်လို့၊ ခိုးယူခြင်းခံရလို့ အစရှိတဲ့ အကြောင်းအရင်းများကြောင့် သနားစဖွယ် ဒီကလေးသူငယ်များဟာ လမ်းဘေးမှာ လေလွင့်ပျော်ပါးနေကြရတဲ့ အခြေနေရှိပါတယ်။

ဒီကလေးသူငယ်များရဲ့ အခြေအနေကို ပြောပြရမယ်ဆိုရင် သူတို့လက်ထဲမှာ ဆေးလိပ်၊ ကွမ်း၊ အရက်၊ ကော်ပူးရှူတာ၊ သားရေပြားရှူတာ၊ လက်နက်တစ်စုံတစ်ရာ ကိုင်ထားတာ အစရှိတဲ့ အခြေအနေများရောက်ရှိနေပါတယ်။ အကျိုးဆက်အနေနဲ့ ဒီကလေးသူငယ်များဟာ ကျန်းမာရေးအခြေအနေလည်း ဆိုးရွားတဲ့အတွက်ကြောင့် သေခြင်းတရားဟာသူတို့နဲ့ လက်တစ်ကမ်းမှာပဲ ရှိပါတယ်။ နောက်ပြီးတော့ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုများနဲ့ လူကုန်ကူးမှုများရဲ့ ပစ်မှတ်လည်း ဖြစ်လာနေပါတယ်။ ပိုပြီးတော့ ကျွန်တော်တို့ စိုးရိမ်စရာကောင်းတာက ဒုစရိုက်လုပ်ငန်းများနဲ့ အစွန်းရောက်အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများရဲ့ အသုံးချခံပစ်မှတ် ဖြစ်လာမှာကို စိုးရိမ်ရတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့လို့ အကြံပြုချက်အနေနဲ့ ပြောရမယ်ဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး အပါအဝင် ကျွန်တော်တို့ ဒီခန်းမထဲမှာ ရှိနေကြတဲ့ သူတွေအားလုံးရဲ့ ငယ်ရွယ်စဉ်ဘဝနဲ့ လုံးဝကွဲပြားခြားနားတဲ့ ဒီ (၁၅)နှစ်အရွယ် (၁၅)နှစ်အောက် ကလေးသူငယ်များဟာ မေတ္တာငတ်မွတ်နေကြတဲ့ ကလေးသူငယ်များ ဖြစ်ပါတယ်။ လူလူချင်း တန်ဖိုးထားမှု ငတ်မွတ်နေကြတဲ့ ကလေးသူငယ်များ ဖြစ်ပါတယ်။ နိုင်ငံသားအဖြစ် အသိမှတ်ခံရမှုကနေပြီးတော့ မေ့လျော့ခြင်းခံနေရတဲ့ ကလေးသူငယ်များ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကလေးသူငယ်တိုင်း အခွင့်အရေးရှိသည်လို့ဆိုတဲ့ နိုင်ငံတကာဆောင်ပုဒ်အရပဲဖြစ်ဖြစ် မေတ္တာတရားနဲ့ ကိုယ်ချင်းစာနာစိတ်ကြီးမားတဲ့ မြန်မာ့လူ့အဖွဲ့အစည်းအနေနဲ့ပဲဖြစ်ဖြစ်

ဒီလမ်းဘေးရောက်နေကြတဲ့ ကလေးသူငယ်များကို နိုင်ငံ့ရင်ခွင် လူ့အဖွဲ့အစည်းရဲ့ ရင်ခွင်ထဲကို ပြန်လည်ရောက်ရှိဖို့အတွက် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မှုအတွက် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးခွန်းမေးမြန်းလိုတာကတော့ ဒီကလေးသူငယ်များရဲ့ ဘဝလုံခြုံရေးနှင့် လူမှုဖူလုံရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ ပညာသင်ကြားနိုင်တဲ့ အခွင့်အလမ်းတွေ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိအစရှိတဲ့ အချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးကို လေးစားအားကိုးစွာဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကချင်ပြည်နယ်အတွင်းရှိ အစိုးရအုပ်ချုပ်မှု နယ်မြေအတွင်း စစ်ရှောင်စခန်းများကို လစာရိက္ခာ တိုးမြှင့်ကူညီပေးနိုင်ရေး၊ အလုပ်အကိုင် ရှာဖွေဖန်တီးနိုင်ရေး၊ နေစရာအခန်းများကို တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေးနှင့် လုပ်ကိုင်စားသောက်ရန် သင့်တင့်သော မြေနေရာတွင် သင့်တင့်သော အကျယ်အဝန်းရှိ အိမ်၊ ခြံမြေကွက်များ ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဇယ်ခေါင် က ကချင်ပြည်နယ်အတွင်းရှိ အစိုးရအုပ်ချုပ်မှု နယ်မြေအတွင်း စစ်ရှောင်စခန်းများကို လစာရိက္ခာ တိုးမြှင့်ကူညီပေးနိုင်ရေး၊ အလုပ်အကိုင် ရှာဖွေဖန်တီးနိုင်ရေး၊ နေစရာအခန်းများကို တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေးနှင့် လုပ်ကိုင်စားသောက်ရန် သင့်တင့်သော မြေနေရာတွင် သင့်တင့်သော အကျယ်အဝန်းရှိ အိမ်၊ ခြံ မြေကွက်များ ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးဇယ်ခေါင်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်း ၂၀၁၁ခုနှစ် မှစ၍ တစ်ကျော့ပြန် တိုင်းရင်းသား လက်နက်ကိုင်များနဲ့ စစ်ဖြစ်ပွား၍ စစ်ရှောင်ဒုက္ခသည်များပေါ်ပေါက်လာရပါတယ်။ အစိုးရအုပ်ချုပ်မှု နယ်မြေ မြို့နယ်များအတွင်းရှိ စစ်ဘေးရှောင်စခန်းများတွင် ယာယီအဆောက်အဦများသာဖြစ်၍ အဆောက်အဦပျက်စီးမှုနဲ့ ယခင်နှစ်များက ဆန်၊ ဆီ၊ ဆားထောက်ပံ့မှုများရှိသော်လည်း ယခုအချိန်တွင် မရရှိတော့ပါ။ လူတစ်ဦးလျှင်ထောက်ပံ့ငွေ တစ်လ (၉၀၀၀) ကျပ်သာရရှိတဲ့ အဆောက်အဦနှင့် စားနပ်ရိက္ခာအခက်အခဲ ကြုံတွေ့နေရပါတယ်။ သို့ပါ၍ မေးမြန်းလိုသည်မှာ ကချင်ပြည်နယ်အတွင်းရှိ အစိုးရအုပ်ချုပ်မှုနယ်မြေအတွင်းရှိ စစ်ဘေးရှောင်စခန်းများကို လစာရိက္ခာတိုးမြှင့် ကူညီပံ့ပိုးပေးနိုင်ရေးနှင့် အလုပ်အကိုင်ရှာဖွေဖန်တီးနိုင်ရေး၊ နေစရာအခန်းများကို တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ လုပ်ကိုင်စားသောက်ရန် သင့်တင့်သောမြေနေရာတွင် သင့်တင့်သော အကျယ်အဝန်းရှိ အိမ်၊ ခြံမြေကွက်များ ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့မှအစီအစဉ် ရှိ/မရှိကို စစ်ဘေးရှောင်

ဒုက္ခသည် မိဘပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၏ ကြယ်ပွင့်ပြမေးခွန်းအား စတင်ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် မေးမြန်းထားရှိတဲ့ လမ်းဘေးလေလွင့်ကလေးသူငယ်များ ဘဝလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက်ပညာသင်ကြားရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် မှတ်ပုံတင်ရရှိရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းဖြေကြားရလျှင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ ကာကွယ်စောင့်ရှောက်ရန်လိုအပ်တဲ့ လူမှုရေးဒုက္ခခံစားနေကြသူများ၊ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်းစွမ်းသူများနှင့် သက်ကြီးရွယ်အိုများရဲ့ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ခြင်း၊ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်ထည်ဖော်ခြင်းတို့ကို သက်ဆိုင်တဲ့ဆက်စပ်ဌာနများနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ကလေးသူငယ်အခွင့်အလမ်းများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (United Nations Convention on the Rightsof the Child) ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ၁၆ ရက်နေ့က မြန်မာနိုင်ငံ အပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး ကလေးသူငယ် ဥပဒေ (Child Law) ကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ၁၄ရက်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်တဲ့ လုပ်ငန်းတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

လေလွင့်ကလေးသူငယ်တွေကို ကာကွယ်စောင့်ရှောက်ရေး၊ မိဘအုပ်ထိန်းသူနှင့် ပြန်လည်ပေါင်းစည်းရေး၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေးနဲ့ပတ်သက်၍ ဆောင်ရွက်ပေးမှုအခြေအနေပတ်သက်၍ တင်ပြရရင် ကာကွယ်စောင့်ရှောက်ရန်လိုအပ်တဲ့ ကလေးနှင့်လူငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနက လူငယ်သင်တန်းကျောင်း(၁၀)ကျောင်း၊ ဖွင့်လှစ်ပြီးတော့ လေလွင့်ကလေးသူငယ်များ၊ လမ်းပေါ်နေကလေးများ၊ ကလေးသူငယ်တရားရုံးမှ အမိန့်ချမှတ်၍ အကျင့်စာရိတ္တပြုပြင်ရန် ပို့အပ်လာသောကလေးများ၊ ကလေးသူငယ်တရားရုံးမှာ ပြစ်မှုရင်ဆိုင်နေဆဲကလေးများ၊ ကလေးသူငယ်ဥပဒေပုဒ်မ၃၂အရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သူများကိုလက်ခံ၍ အခြေခံစားဝတ်နေရေး ဖြည့်ဆည်းပေးခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လူမှုဝန်ထမ်းနည်းလမ်းများဖြင့် ဆောင်ရွက်ပေးခြင်း၊ အတန်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်းနှင့် သင်ကြားနိုင်ရေးအတွက် ချိတ်ဆက်ပေးခြင်း၊ မှတ်ပုံတင်ရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးအတွက် သက်ဆိုင်တဲ့ဝန်ကြီးဌာနများ၊ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူမှုဝန်ထမ်းဌာနလက်အောက်မှာရှိတဲ့ လူငယ်သင်တန်းကျောင်း(၁၀) ကျောင်းမှာ ၂၀၁၁ ခုနှစ်မှ ယခုနှစ် ၂၀၁၆ ခုနှစ်အထိ မိသားစုထံပြန်လည်အပ်နှံပေးခဲ့သည့် ကလေးဦးရေ (၂၅၁၆)ဦး၊ အခြေခံပညာနှင့် အဆင်မြင့်ပညာသင်ကြားသူ ကလေးဦးရေ(၃၅၁၆)ဦး၊ သက်မွေးပညာသင်ကြားသူ (၁၅၁၀)ဦး၊ အလုပ်ရကလေးဦး (၂၉၃)ဦးနှင့် Vocational Orientation Program for Out-of-School Youngester သက်မွေးသင်တန်းကျောင်းကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သက်မွေးသင်တန်းများအဖြစ် ဆံသသင်တန်း၊ ပိုက်ချုပ်သင်တန်း၊ ပန်းညှပ်သင်တန်း၊ ဝါးလုပ်ငန်းသင်တန်း၊ ရေဆေးဆီလိုက်သင်တန်း၊ လျှပ်စစ်မီးပြင်သင်တန်း၊ စက်ချုပ်သင်တန်း၊ ပန်းပုလုပ်ငန်းသင်တန်းများ သင်ကြားပေးလျက်ရှိပါတယ်။ ထို့ပြင် United Nations Childrens Fund-UNICEF,The Foundation Terredes Hommes-TdhL, Child Family Network-CFN အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သင်တန်းကျောင်းရှိ ကလေးများနှင့် လမ်းပေါ်နေကလေးများအား မိသားစုနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းနိုင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သင်တန်းကျောင်းများတွင် လူငယ်တွေကိုအနိုင်ကျင့်ခံရမှုများ မရှိစေဖို့အတွက် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ လူငယ်သင်တန်းကျောင်းများမှာကျောင်းသားအချင်းချင်းအကဲဖြတ်လွှာများအား လစဉ်ပြုလုပ်၍ ကလေးများ၏စိတ်ခံစားမှုများကို ဖော်ထုတ်ခြင်း၊ ကြီးနိုင်ငယ်ညှင်းပြုလုပ်သည့် ကိစ္စရပ်များကို ဖော်ထုတ်စေရန် လူမှုဝန်ထမ်းဦးစီးဌာနမှညွှန်ကြားချက်များထုတ်ပြန်၍ ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားအချင်းချင်း အကဲဖြတ်လွှာအရ ကြီးနိုင်ငယ်ညှင်း ကိစ္စရပ်များ တွေ့ရှိပါက အဆိုပါကျောင်းသားများကို သက်ဆိုင်ရာကျောင်းအုပ်မှ တိကျစွာဖော်ထုတ်ပြီးနောက် ထပ်မံမဖြစ်ပေါ်စေရေးအတွက် လိမ္မာယဉ်ကျေးစေဖို့အတွက် ပြုပြင်မှုကိုဦးတည်တဲ့ ဆုံးမမှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လူငယ်သင်တန်းကျောင်းတွေမှာ ကလေးသူငယ်တွေကို ပြုစုစောင့်ရှောက်မည့် ဝန်ထမ်း (Care givers)များရှိသော်လည်း ကလေးသူငယ်များကို သက်မွေးပညာ သင်ကြားပေးနိုင်တဲ့ သီးသန့်ဝန်ထမ်း ခန့်အပ်ထားနိုင်ခြင်းမရှိသောကြောင့် ပြင်ပမှ သက်မွေးနည်းပြ ဆရာများ ဖိတ်ကြား

၍လည်းကောင်း၊ ပြင်ပသက်မွေးဝမ်းကျောင်းများသို့ ချိတ်ဆက်၍လည်းကောင်း၊ သက်မွေးပညာများကို သင်ကြားပေးလျက်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းအစီအစဉ်များအပြင် လိုအပ်ချက်များစွာ ရှိနေပါသေးသောကြောင့် ယခု ပြည်သူ့အစိုးရလက်ထက်တွင် ဝန်ထမ်းအင်အား မလုံလောက်မှုအတွက် ဝန်ထမ်းဖွဲ့စည်းပုံအင်အား တိုးမြှင့်ခန့်ထားခြင်းများ လေလွင့်လူငယ်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ရန် ရက်(၁၀၀)အလွန် (၆)လစီမံချက်မှာ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးကို တိတိကျကျဆောင်ရွက်နိုင်ရေး စီမံချက်များရေးဆွဲဆောင်ရွက်လျက် ရှိနေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်များနှင့် ပတ်သက်၍ ကျူးလွန်တဲ့ဥပဒေမှာ အမှုကြီး (၁၀)မျိုး၌ မုဒိန်းမှုဟာအများဆုံးဖြစ်ပြီးလူသတ်မှုဟာ ဒုတိယအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ကလေးသူငယ်များအပေါ်မှာ အများဆုံးကျူးလွန်ခံရသည့် သက်ငယ်မုဒိန်းများ လျော့နည်းကျဆင်းရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ ကျူးလွန်သူများအား ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများအပါအဝင် ကလေးသူငယ်များ ကျူးလွန်ခံရတဲ့ မှုခင်းများ လျော့နည်းကျဆင်းပပျောက်ဖို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ သက်ငယ်မုဒိန်းနှင့်ပတ်သက်၍ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေမှာ ပြစ်မှုနှင့် ပြစ်ဒဏ်အား သီးခြားဖော်ပြထားခြင်း မရှိခဲ့ပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရသာ ပြစ်ဒဏ်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အခုပြင်ဆင်လျက်ရှိတဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအခန်း(၂၈)၊ ပုဒ်မ ၁၃၈ မှာ မည်သူမဆို ကလေးသူငယ်အား မုဒိန်းမှုကျူးလွန်သူကို အနည်းဆုံး ထောင်ဒဏ်(၁၀)နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

အဲဒီပြင်ဆင်ချက်တွေအပေါ်မှာ သဘောထားအကြံပြုပြုနိုင်ဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဤဥပဒေနှင့်ပတ်သက်၍ အကြံပြုချက်များ ပေးပို့ရာမှာ သက်ငယ်မုဒိန်းပြစ်မှု၊ ပြစ်ဒဏ်အား အမြင့်ဆုံး ပြစ်ဒဏ်ချမှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ပညာသင်ကြားရေးနဲ့ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာမူလတန်းအဆင့်နဲ့ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူများနဲ့ အခြေခံပညာကျောင်းများသို့ တက်ရောက်သင်ယူရန် အခက်အခဲရှိသူများနဲ့ အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီး တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ရန် အခက်အခဲရှိသူများအတွက် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးသော ကျောင်းများသို့ တက်ရောက်သင်ယူနိုင်တဲ့ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းတက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရာမှာ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းသာမကပဲ ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်းမရှိသူများ၊ ပညာမပြီးဆုံးမီ ကျောင်းထွက်ရသူများ အားလုံးအတွက် ပညာသင်ကြားနိုင်ရေး အခွင့်အလမ်းများ ဖန်တီးပေးနိုင်မယ့် ပညာရေး အစီအစဉ်သစ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်နေတဲ့အတွက် အခုအစိုးရ လက်ထက်မှာ ပညာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းစဉ်တစ်ခုအဖြစ် ကျောင်းပြင်ပ ပညာရေးဦးစီးဌာန (Departmentof AlternativeEducation)ကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ကျောင်းပြင်ပ ပညာရေးဦးစီးဌာနဟာ ကျောင်းပြင်ပပညာရေးလုပ်ငန်းများနှင့် တစ်သက်တာသင်ယူမှု လုပ်ငန်းများကို အရည်အသွေးရှိ ပညာရေး (Quality Education) ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် မှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးမှု အခြေအနေနဲ့ ပတ်သက်လို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေနဲ့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်မှာရှိတဲ့ မိဘမဲ့ကလေးပြုစုစောင့်ရှောက်ရေးသင်တန်းကျောင်းက ကလေးငယ်များ၊ တရားဝင်အသိအမှတ်ပြု ပရဟိတ ဘုန်းတော်ကြီးကျောင်းများနှင့် တရားဝင်အသိအမှတ်ပြု ပုဂ္ဂလိက ကလေးသူငယ် ဘက်စုံ ဖွံ့ဖြိုးရေး မိဘမဲ့ကလေးဂေဟာများမှ တိုင်းရင်းသားမိဘမဲ့ ကလေးသူငယ်များနှင့် အခြားစောင့်ရှောက် ထားသော ကလေးသူငယ်များအား တည်ဆဲညွှန်ကြားချက်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် ဖြေလျှော့နည်းလမ်းအရ ဖွဲ့စည်းပေးထားတဲ့ ဌာနဆိုင်ရာအဖွဲ့ဝင် (၅)ဦး ပါဝင်သော မြို့နယ်နိုင်ငံသားစိစစ်ပေးရေးအဖွဲ့၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယင်းသို့ ဆောင်ရွက်ပေးရာမှာ ဖခင်အမည်မသိရှိပါက သက်ဆိုင်ရာကျောင်းအုပ် သို့မဟုတ် အမျိုးသား ကျောင်းဆရာ၊ ပရဟိတဘုန်းတော်ကြီးကျောင်းဖြစ်ပါက တာဝန်ခံဆရာတော်၊ မိဘမဲ့ဂေဟာဖြစ်ပါက တာဝန်ခံအသီးသီးတို့ရဲ့ အမည်စာရင်းကိုဖော်ပြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် အုပ်ထိန်းသူအဖြစ် ထည့်သွင်းပေးလျက် ရှိပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနအနေနဲ့ ဆယ်ကျော်သက်နဲ့ လူငယ်လူရွယ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနဲ့ ပတ်သက်ပြီး စီမံချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းကျန်းမာရေးဌာနက ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလကစပြီးတော့ ဆောင်ရွက်တဲ့လုပ်ငန်းတွေမှာ ဆယ်ကျော်သက်နှင့် လူငယ်တစ်ရပ်လုံးမှာ မှန်ကန်သော ကျန်းမာရေးအသိပညာရရှိ၍ ကျန်းမာရေးအလေ့အကျင့်ကောင်း များ ကျင့်သုံးတတ်စေရန်အတွက် ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များမှာ အခြေခံကျန်းမာရေးဝန်ထမ်းများကို စွမ်းရည်မြှင့်တင်ပေးရန် သင်တန်းများပို့ချခြင်း၊ အသိပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြီးကြပ်လမ်းညွှန်မှုပေးနိုင်ရန် အဆင့်ဆင့် ကွင်းဆင်းကွပ်ကဲဆောင်ရွက်ညှိနှိုင်းခြင်း၊ ဆယ်ကျော်သက် နှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် နှီးနွယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက် ခြင်းစသည့် နည်းဗျူဟာများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မူးယစ်ဆေးစွဲရောဂါ ကုသရေးနှင့် သုတေသနဌာနဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးစွဲလူငယ်များအား စနစ်တကျ ပြုစုပျိုးထောင်ရန်အတွက် လိုအပ်သော နည်းပညာများကို မူးယစ်ဆေးစွဲရောဂါ ကုသရေးနှင့် သုတေသနဌာနအနေဖြင့် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးသုံးစွဲသူများ အထူးသဖြင့် လူငယ်များနှင့် ကလေးသူငယ်များမှာ ဆေးလိပ်၊ ကွမ်း၊ အရက်၊ ကော်ပူး၊ မူးယစ်ဆေးဝါးအန္တရာယ်မှာ ပြန့်ပွားနေပါသဖြင့် တားဆီးကာကွယ်ရေး လုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအကြောင်းတွေကြောင့် ကလေးသူငယ်များနှင့် လူငယ်အများစုဟာ လက်ရှိဖြစ်ပွားနေတဲ့ သက်ငယ်မုဒိမ်းမှုများ၊ ပြစ်မှုများကို ကျူးလွန်ဖွယ်ရှိခြင်း၊ ကျူးလွန်ခံရဖွယ်ရှိခြင်းတို့ကို တွေ့ရှိနေရသောကြောင့် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်ရဲ့ ရက်(၁၀၀)စီမံချက်မှာ ရန်ကုန်နဲ့ မန္တလေးမြို့များရှိ လေလွင့်ကလေးသူငယ်များ၊ လမ်းပေါ်နေကလေးများ၊ တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများ လျော့နည်းပပျောက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ UN အဖွဲ့အစည်းများ၊ NGO, INGO များနှင့် ပူးပေါင်းပြီး ဆောင်ရွက်နိုင်ရန် ရှေ့ပြေးစီမံချက်ရေးဆွဲခဲ့ပါတယ်။ရက်(၁၀၀)အလွန် (၆)လစီမံချက်မှာလည်း လမ်းပေါ်နေ လေလွင့်ကလေးများ လျော့နည်းပပျောက်ရေး စီမံချက်အရ ရန်ကုန်နဲ့ မန္တလေးမြို့ကြီးများမှာ လူမှုဝန်ထမ်းဦးစီးဌာနက ဆက်စပ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်း၍ ကော်မတီများဖွဲ့ပြီး လေလွင့်ကလေးသူငယ်များအား မိဘအုပ်ထိန်းသူများနှင့် ပြန်လည်ပေါင်းစည်းပေးခြင်း၊ ပြန်လည်ပေါင်းစည်းပေးရန် မိဘအုပ်ထိန်းသူမရှိသော ကလေးသူငယ်များကို သင်တန်းကျောင်းများသို့ ပို့အပ်စောင့်ရှောက်ခြင်း၊ ကလေးသူငယ်များအား ခိုင်းစေနေသော မိဘအုပ်ထိန်းသူများအား ကလေးသူငယ်ဥပဒေအရ အရေးယူနိုင်ခြင်းနှင့် ကလေးအတွက် ဆိုးကျိုးများရရှိသည်ကို ရှင်းလင်းအသိပညာပေးခြင်း၊ ကော်ရှုရာတွင် အသုံးပြုသည့် ပစ္စည်းများကို ကလေးသူငယ်များအား ရောင်းချခြင်းမပြုရန်နှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်လုပ်နေတဲ့ ကလေးသူငယ်များရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး (၆)မြို့နယ်မှာ ဆောင်ရွက်ဖို့ စီစဉ်ထားရှိရာ ပဏာမအနေဖြင့် စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့မှာ လေ့လာဆန်းစစ်မှုများ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီအစီအစဉ်အရ ရက်(၁၀၀)လွန် (၆)လစီမံချက် တစ်ခုဖြစ်တဲ့ အရွယ်မတိုင်မီ အလုပ်လုပ်နေရတဲ့ ကလေးများအတွက် လိုအပ်တဲ့ ကျောင်းပြင်ပပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ ရရှိဖို့ ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် အားလပ်ချိန်မှာ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်းတို့ကို ကနဦး စီမံချက်အဖြစ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လမ်းပေါ်တွင် အယောင်ဆောင် တောင်းရမ်းစားသောက်သူများအား အများပြည်သူမှ လှူဒါန်းခြင်း မပြုနိုင်ရန်အတွက် အသိပညာပေးပိုစတာများ ချိတ်ဆွဲခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေးခြင်းနဲ့

လေ့လွင့်ကလေးသူငယ်များအား နောက်ကွယ်မှ ကြိုးကိုင်နေသူများကို ဖော်ထုတ်၍ ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း၊ အမှန်တကယ် မိဘစားဝတ်နေရေး အဆင်မပြေ၍ မိဘများနှင့်အတူ တစ်ဖက်တစ်လမ်းမှ အလုပ်လုပ်ကိုင်နေရသည့် ကလေး၊ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်မပြည့်မီ ကလေးများကို အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပေးခြင်း၊ အလုပ်အကိုင်ရရှိသည်အထိ ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် အခမဲ့ဆေးဝါးကုသပေးခြင်း၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခြင်းနှင့် ရွေ့လျားစောင့်ကြည့်အဖွဲ့(Mobile Team)များဖွဲ့စည်း၍ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနဲ့ ကလေးသူငယ်များအား လမ်းမှားမရောက်စေရေးနဲ့ လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုနိုင်ရေး၊ နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ NGO, INGOအဖွဲ့အစည်းများနဲ့ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ဆက်လက်ပြီးတော့ကချင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကချင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင် မေးမြန်းထားရှိတဲ့ ကချင်ပြည်နယ်အတွင်းရှိ အစိုးရအုပ်ချုပ်မှုနယ်မြေအတွင်း စစ်ရှောင်စခန်းများကို လစာရိက္ခာတိုးမြှင့်ကူညီပံ့ပိုးနိုင်ရေး၊ အလုပ်အကိုင်ရှာဖွေဖန်တီးနိုင်ရေး၊ နေစရာအခန်းများကို တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ လုပ်ကိုင်စားသောက်ရန်သင့်တင့်သော မြေနေရာတွင် သင့်တင့်သောအကျယ်အဝန်းရှိ အိမ်ခြံမြေကွက်များ ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့က အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်၊ ဇွန်လမှစတင်၍ တပ်မတော်နှင့် KIA တို့ ပဋိပက္ခများဖြစ်ပွားခဲ့ရာ နယ်မြေလုံခြုံရေး အခြေအနေကြောင့် ဒေသခံကျေးလက်နေပြည်သူအများစုမှာ မြို့ပေါ်ရပ်ကွက်များသို့ ခေတ္တတိမ်းရှောင် ရောက်ရှိခဲ့ကြပါတယ်။ အဆိုပါ တိမ်းရှောင်မိသားစုများရဲ့ စားဝတ်နေရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီးပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကုလသမဂ္ဂ UN အဖွဲ့အစည်းများ၊ NGO နှင့် INGO အဖွဲ့အစည်းများ၊ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများမှလည်း စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

စားနပ်ရိက္ခာပစ္စည်း၊ ငွေကြေးထောက်ပံ့မှုများနဲ့ ပတ်သက်ပြီးတော့ ကချင်ပြည်နယ်အတွင်း IDPs စခန်းများရှိ မိသားစုများအား ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်မှစ၍ ယနေ့အထိ (၅)နှစ်တာကာလအတွင်း ပုံမှန်စားနပ်ရိက္ခာ ဆန်၊ ဆီ၊ ဆား၊ ပဲများအား လူမှုအဖွဲ့အစည်းများဖြစ်တဲ့ (WFP, UNDP, UNHCR) အဖွဲ့အစည်းများမှ ထောက်ပံ့ပေးလျက်ရှိပြီး ယခုအခါ ၎င်းအဖွဲ့အစည်းများမှ

စားနပ်ရိက္ခာအစား လူတစ်ဦးလျှင် (၉၀၀၀)ကျပ်နှုန်းဖြင့် လည်းကောင်း၊ သက်ကြီးဘိုးဘွားနှင့် ကျန်းမာရေးချို့တဲ့သူများအား (၁၃၀၀၀)ကျပ်နှုန်းဖြင့်လည်းကောင်း လစဉ်ထောက်ပံ့ပေးလျက် ရှိပါတယ်။ ၎င်းအပြင် ပြည်ထောင်စုအစိုးရ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကချင်ပြည်နယ်လွှတ်တော်၊ ဌာနဆိုင်ရာများ၊ UN, INGO, NGO အဖွဲ့အစည်းများမှာ ပြည်နယ်အတွင်းရှိ IDPs မိသားစုဝင်များအတွက် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်မှ ယနေ့အထိ ထောက်ပံ့စုစုပေါင်း ငွေတန်ဖိုးမှာ ကျပ်သန်းပေါင်း (၁၉၈၂၆၂) ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အခုအခါမှာလည်း ထောက်ပံ့ပေးနိုင်ရေး WFP, UN, INGO, NGO အဖွဲ့အစည်းများနဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၁ ခုနှစ်၊ ဇွန်လမှစတင်၍ နယ်မြေမငြိမ်သက်မှုများကြောင့် မြစ်ကြီးနားမြို့နဲ့ ဝိုင်းမော်မြို့ ပတ်ဝန်းကျင်မှုရှိတဲ့ ကျေးရွာတွေက ပြည်သူတွေဟာ မြို့ပေါ်ကို ပြောင်းရွှေ့ခဲ့ကြတဲ့နေရာမှာ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ အိမ်ထောင်စု (၈၀၄၀)စု၊ လူဦးရေ စုစုပေါင်း(၃၉၅၈၅)ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်ရိက္ခာဖိုးငွေ၊ ခေါက်ဆွဲခြောက်ဖိုးငွေ၊ အိမ်ဆောက်ပစ္စည်းဖိုးငွေနှင့် နေရပ်ဒေသပြန်ပြည်သူများအတွက် စုစုပေါင်းငွေကျပ် (၃၇၂.၂၄၉)သန်းထောက်ပံ့ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇွန်လမှ ၂၀၁၆ ခုနှစ်၊ ဧပြီလ၃၀ရက်နေ့အထိ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ တိမ်းရှောင်လာသော မိသားစုများအား ပစ္စည်းနှင့်ငွေသား ထောက်ပံ့ငွေ (၁၇၈.၁၃၆)သန်း ထောက်ပံ့ပေးခဲ့တဲ့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ကမ္ဘာ့ကုလသမဂ္ဂ၊ စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လမှစတင်၍ စားနပ်ရိက္ခာများ လစဉ်ထောက်ပံ့ပေးခဲ့ရာ မြစ်ကြီးနား၊ ဝိုင်းမော်၊ ရွှေကူ၊ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ မိုးကောင်း၊ မိုးညှင်းမြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများသို့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ရိက္ခာဖြန့်ဝေမှု ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်းရိက္ခာ၊ ဆန် (၈၂၄၃၅. ၉၃၂)တန်၊ ဆီ (၅၂၀၀. ၁၆၅၆)တန်၊ ပဲ (၁၁၂၀၇.၈၉၈၆)တန်နဲ့ ဆား(၉၁၂.၁၇၅)တန်၊ အာဟာရမှုန့်(၆၁.၅၆၇)တန်၊ အားဖြည့်ဘီစကစ်(၁၅.၇၉၁)တန်တို့အား ဖြန့်ဝေထောက်ပံ့ခဲ့ပါတယ်။ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးရုံး (UNOCHA)မှ ၂၀၁၂ ခုနှစ်၊ ဇွန်လမှစတင်၍ စားနပ်ရိက္ခာထောက်ပံ့ခဲ့ရာ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ အထိ ရိက္ခာဖြန့်ဝေမှု (၂၂)ကြိမ်မှာ စုစုပေါင်း ရိက္ခာဆန် (၅၇၄.၇၄)တန်၊ ဆီ (၅၉.၆၆၅)တန်၊ ပဲ (၃၃၆. ၃၄၈)တန်၊ ဆား (၂၄.၃၈၅)တန်၊ အာဟာရမှုန့် (၁၇.၇၃)တန်တို့အား ဖြန့်ဝေထောက်ပံ့ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုနဲ့ ပတ်သက်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ IDPs မိသားစုဝင်များ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခရိုင်(၄)ခုရှိ ကယ်ဆယ်ရေးစခန်း(၉၅)ခုမှာ အိမ်ထောင်စု (၉၅၂၈)စု၊ လူဦးရေ (၄၄၂၈၆)ဦးရှိသည့် အနက် စခန်းအရေအတွက်နှင့် လူဦးရေအများဆုံးရှိသည့် မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်နှင့် ဗန်းမော်မြို့နယ်ရှိ IDPs စခန်း(၁၀)ခုအား ရွေးချယ်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ရန်အတွက် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း စခန်းတစ်ခုလျှင် ကျပ်သိန်း(၅၀)နှုန်းဖြင့် စခန်း(၁၀)ခုအတွက် ငွေကျပ်သိန်း(၅၀၀)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့

ခဲ့ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့က ၁၇-၆-၂၀၁၆ ရက်နေ့မှ စခန်းတာဝန်ခံများသို့ ထောက်ပံ့ပေး အပ်ခဲ့ပါတယ်။ အဆိုပါထောက်ပံ့ပေးငွေများဖြင့် စခန်း(၁၀)ခုတွင် စားသောက်ကုန်ရောင်းချခြင်း၊ ကုန်စုံ ဆိုင်ဖွင့်လှစ်ရောင်းချခြင်း၊ ငွေစုငွေချေးခြင်း၊ ငါးနှင့်ဝက်မွေးမြူခြင်း၊ ပြောင်းဖူးစိုက်ပျိုးခြင်း တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ လူမှုဝန်ထမ်းဦးစီးဌာနမှ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကချင် ပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းများရှိ သင်တန်းသား (၉၁၈)ဦးအား အိမ်တွင်းမှုသက်မွေးဝမ်း ကျောင်းသင်တန်းများ ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့အထိ အိမ်တွင်းမှုကျောင်းရှိ ဆရာ၊ ဆရာမများမှ သင်တန်းသူ(၂၄)ဦးထဲမှ ထူးချွန်သင်တန်းသူများအား လူမှုဝန်ထမ်းဦးစီးဌာနရှိ အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းမှာ အဆင့်မြင့်သင်တန်းများ တက်ရောက်စေ လျက်ရှိပါတယ်။ နေစရာနေရာ ချထားဆောင်ရွက်ပေးမှုနဲ့ ပတ်သက်ပြီးတော့ ကချင်ပြည်နယ်အစိုးရ အဖွဲ့အနေနဲ့ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ IDPs စခန်းများမှာ မိသားစုတစ်စုလျှင် အလျား(၁၁)ပေ၊ အနံ(၁၁)ပေရှိ အခန်း(၁)ခန်း၊ မိသားစုများပါက (၂)ခန်းနှုန်းဖြင့် နေရာချထားဆောင်ရွက်ပေးခဲ့ပါ တယ်။ထို့အပြင်နယ်မြေလုံခြုံရေးအရ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်သူများအား မြစ်ကြီးနားမြို့နယ်၊ ပလနကျေးရွာအုပ်စုငွေပျော်စံပြကျေးရွာမှာ ၂၀၁၄ ခုနှစ်မှ စတင်၍ အိမ်ထောင်စု တစ်စုလျှင် (၄၀x၆၀)ပေ မြေကွက်နှင့် နေအိမ်တစ်လုံး ဆောက်လုပ်ပေးကာ ပြောင်းရွှေ့နေရာချထား ပေးခဲ့ပါတယ်။ ထိုသို့ပြောင်းရွှေ့ပေးရာမှာ ငွေပျော်စံပြကျေးရွာသို့ ပြောင်းရွှေ့နေထိုင်လိုခြင်းရှိ/မရှိ ဆန္ဒမေးမြန်းပြီး ပြောင်းရွှေ့နေထိုင်လိုသည့် ဆန္ဒရှိပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် စိစစ်တင်ပြလာသော အိမ်ထောင်စုဝင်များကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စုစုပေါင်း (၃၂၁)စု အား ပြောင်းရွှေ့နေရာချထားပေးနိုင်ခဲ့တဲ့အပြင် အိမ်ထောင်စု တစ်စုချင်းအလိုက် ဆန်၊ ဆီ၊ ကယ်ဆယ်ရေး ပစ္စည်းမျိုးစုံကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

၎င်းအိမ်ထောင်စုဝင်များဟာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ပယင်းကျောက်သွေး ခြင်းလုပ်ငန်းများကို အဓိကဆောင်ရွက်နေကြောင်း တွေ့ရှိရပါတယ်။ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေး မှူးမှတစ်ဆင့် စိစစ်တင်ပြလာသည့် IDPs စခန်းရှိ မိသားစုဝင်များ၏ လိုအပ်ချက်များနှင့် IDPs စခန်းမှ အခန်းများလုံလောက်မှုမရှိကြောင်း တင်ပြလာပါက အခန်းတိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး သက်ဆိုင်ရာ ဌာန၊ UNHCR, NGO, INGO များနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နယ်မြေအေးချမ်းသည့် ဒေသများဖြစ်သည့် မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာ အုပ်စု၊ စံကင်းကျေးရွာသို့ ဝန်းသိုကျောင်းတိုက် IDPs စခန်းမှ အိမ်ထောင်စု (၁၅)စု၊ လူဦးရေ (၈၅)ဦးတို့အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှာ ပြောင်းရွှေ့နေရာချထားနိုင်ခဲ့ပြီး ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့ကယ်ဆယ်ရေးစခန်းများမှ အိမ်ထောင်စု(၃၃)စု၊ လူဦးရေ(၁၉၀)တို့မှ ၎င်းတို့၏ဆန္ဒ အလျောက် မူလနေရပ်ဖြစ်သည့် စိန်လုံ၊ စိန်လုံကဘာ၊ ပန်မူကျေးရွာများသို့ ပြန်လိုကြောင်း တင်ပြ လာမှုအရ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်းက ပြောင်းရွှေ့နေရာချထားပေးခဲ့တယ်လို့လည်း သိရှိရပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်မှာ တိုက်ပွဲရှောင်ပြည်သူများအတွက် ရွာအသစ် တည်ထားသည့် ငွေပျော်စံပြကျေးရွာမှာ အရေးပေါ်အခြေအနေ၌ ခေတ္တခိုလှုံရာအဖြစ် အသုံးပြုနိုင်မည့် သာမန်အခြေအနေတွင် မူကြိုကျောင်းအဖြစ် အသုံးပြုနိုင်ရန်ရည်ရွယ်၍ ငွေကျပ်သန်း(၅၀)တန်ဖိုးရှိ အဆောက်အဦအားလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ၎င်းကျေးရွာရှိ ပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် သဲကျောက်လမ်းခင်းခြင်းနှင့် လမ်းကူးကွန်ကရစ် ရေပြွန်တံတား(၅)စင်းအားလည်းကောင်း၊ ငွေကျပ်သန်း(၄၀)ဖြင့် ဆောင်ရွက်ပေးခဲ့သည့်အပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါကအရေးပေါ်သုံးစွဲနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ငွေကျပ်သန်း(၁၀၀)အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့မှာရှိတဲ့ Camp (၃)ခုမှ တိုက်ပွဲရှောင်ပြည်သူများအတွင်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာ၍ စိတ်ဒဏ်ရာရရှိသူများအား စိတ်ဒုက္ခများ လျော့နည်းစေပြီး အများပြည်သူများနည်းတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရန် ရည်ရွယ်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာ ပံ့ပိုးမှု Mobile Team ဖွဲ့စည်းပြီး Psychosocial Counselling ပံ့ပိုးမှုများ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျန်းမာရေးကဏ္ဍဆောင်ရွက်ပေးမှုနဲ့ ပတ်သက်၍ ကချင်ပြည်နယ်မှာ ၂၀၁၁ ခုနှစ်က စတင်ပြီး ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ နေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်သူများကို ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ ပထမ ရက်(၁၀၀)စီမံချက်လုပ်ငန်းမှာ စစ်ဘေးရှောင်စခန်းများတွင် နေထိုင်သူများကို ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ယခင်ထက်ပို၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ထည့်သွင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လကုန်အထိ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ မိုးညှင်း၊ မိုးကောင်းနှင့် ဖားကန့်မြို့နယ်စသည့် မြို့နယ်(၈)ခုတွင် စစ်ဘေးရှောင် စခန်းပေါင်း(၇၇)ခုရှိ အိမ်ထောင်စုပေါင်း(၈၉၀၇)စု၊ လူဦးရေ(၃၂၄၆၈)ဦးမှာ တစ်နှစ်အောက်ကလေး(၁၀၆၇)ဦး၊ ကိုယ်ဝန်ဆောင်ဦးရေ(၃၆၁)ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပါတယ်။ အခြားရောဂါများဖြစ်သော နမိုးနီးယား (အဆုတ်ရောင်)ရောဂါ၊ ရာသီတုပ်ကွေး၊ ဝမ်းပျက်၊ ဝမ်းလျော၊ အစာအိမ်စသည့် အထွေထွေဖြစ်ပွားသူဦးရေ (၁၀၀၅၁)ဦးတို့ကိုလည်း ကုသပေးခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများသို့ ရိက္ခာထောက်ပံ့ပေးမှုများနှင့် ပတ်သက်၍လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဆက်လက်ထောက်ပံ့ပေးသွားမှာဖြစ်ပြီး နေစရာနေရာ ချထားဆောင်ရွက်ပေးနိုင်မှုအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ငွေကြေးရင်းနှီးမြှုပ်နှံကာ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စစ်ဘေးရှောင်စခန်းများမှ ပြောင်းရွှေ့နေထိုင်သူများအား နေရာချထားပေးမှုအနေဖြင့် ငွေပျော်စံပြကျေးရွာမှာ နေရာချထားပေးသကဲ့သို့ အခြားနေရာများတွင်လည်း ထပ်မံတိုးချဲ့နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ပေးနိုင်ဖို့ စစ်ရှောင်စခန်းများမှာရှိတဲ့ ပြည်သူများအတွက် လစာရိက္ခာတိုးမြှင့်

ကူညီပံ့ပိုးနိုင်ရေး၊ အလုပ်အကိုင်ရှာဖွေဖန်တီးနိုင်ရေး၊ နေစရာအခန်းများကို တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ လုပ်ကိုင်စားသောက်ရန် သင့်တင့်သောမြေနေရာတွင် သင့်တင့်သော အကျယ်အဝန်းရှိအိမ်၊ ခြံမြေကွက်များ ဖော်ဆောင်ပေးနိုင်ရေး စသည့်လိုအပ်ချက်များကို ပြည်နယ်အစိုးရက တင်ပြပေးနိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ ညှိနှိုင်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)။** ။ လာရောက်ပြီး ဖြေကြားပေးတဲ့ဝန်ကြီးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ လမ်းဘေးလေလွင့်ကလေးသူငယ်များ အတွက် အစီအမံများပြောကြားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဖြေကြားချက်မှာ ကျွန်တော် သိချင်တာလေး နည်းနည်းရှိပါတယ်။ ဒီ ပြစ်ဒဏ်ကျထားတဲ့ ကလေးသူငယ်များအတွက် သင်တန်းကျောင်း(၁၀)ခုရှိပါတယ်။ ဒီသင်တန်းကျောင်း(၁၀)ခုမှာ ပြစ်ဒဏ်ကျထားတဲ့ ကလေးသူငယ်များကိုသာ သင်ကြားပေးတယ်လို့ သိရပြီးတော့ ကျွန်တော်ဆိုလိုချင်တာက ပြစ်ဒဏ်မကျသေးဘဲနဲ့ လမ်းပေါ်မှာ ပျော်နေကြရတဲ့ ကလေးသူငယ်များကို သင်ကြားပေးတဲ့ ပညာရေးအစီအမံမျိုး ကျောင်းမျိုးကို ဘယ်လိုစီစဉ်ပေးနိုင်မလဲဆိုတာ သိလိုခြင်းဖြစ်ပါတယ်။ နေစရာ၊ စားစရာ သင်ယူပေးတဲ့ကျောင်းမျိုး၊ စိတ်ဒဏ်ရာတွေကို ဖြည့်ဆည်းပေးတဲ့ ကျောင်းမျိုး၊ အကျဉ်းသားအဖြစ် မဟုတ်ဘဲနဲ့ ကျောင်းသားအဖြစ် ဆက်ဆံပေးမယ့်ကျောင်းမျိုး၊ (Non-Formal Education)အဖြစ် သီးခြားသင်ပေးမယ့် ကျောင်းမျိုးကို ဆိုလိုခြင်းဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ သက်မွေးမှုပညာနဲ့ ချိတ်ဆက်ထားပြီးတော့ ဂီတနဲ့အားကစားတွေကိုပါ သင်ပေးနိုင်မယ့်ကျောင်းတစ်ကျောင်းမျိုး ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် သိပ်အများကြီးမဟုတ်ပါဘူး။ ကျွန်တော်တို့ အထက်မြန်မာပြည်မှာ တစ်ကျောင်း၊ အောက်မြန်မာပြည်မှာကျောင်းတစ်ကျောင်း ဆောင်ရွက်ပေးမယ်ဆိုရင် နေစရာ တစ်နေရာ ကျောခင်းစရာလေး၊ နေရာတစ်နေရာနဲ့ တစ်နေရာကြားမှာ ပင်ပင်ပန်းပန်း ရုန်းကန်နေရတဲ့ ကလေးသူငယ်တွေ၊ စားစရာ ထမင်းတစ်နပ်နဲ့ တစ်နပ်ကြားမှာ ပင်ပင်ပန်းပန်း ရုန်းကန်နေရတဲ့ ဒီ ကလေးသူငယ်တွေအတွက် ဒီလိုလေး စီစဉ်ပေးမယ်ဆိုလို့ရှိရင် အလွန်ကောင်းမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြစ်ဒဏ်မကျသေးတဲ့ ကလေးသူငယ်များအတွက် ကျောင်းများဖွင့်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်နဲ့ ပတ်သက်လို့ ကျေးဇူးတင်ပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ အလေးထားဆောင်ရွက်နေတာဖြစ်တဲ့ အတွက်ကြောင့် အခုလိုမေးပြီးတော့ ဖြေခွင့်ကြုံတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အနေနဲ့ လေလွင့်ကလေးသူငယ်တွေကို အပြစ်ဒဏ်ချမှတ်တဲ့ ကလေးတွေကို ကျွန်တော်တို့ သင်တန်းကျောင်းတွေမှာ စာရိတ္တပြုပြင်မယ်။ အသက်မွေးဝမ်းကျောင်း ပညာသင်မယ်။ အလုပ်အကိုင်ချိတ်ဆက်ဆောင်ရွက်ပေးမယ်။ ဒါ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့

အစီအစဉ်ဖြစ်ပါတယ်။ ပြစ်ဒဏ်မကျသော်လည်း ပြင်ပမှာရှိတဲ့ ကလေးတွေအတွက် ပညာရေးနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်မယ့်ကိစ္စတွေ ကျန်တဲ့ပြုပြင်ရေးကိစ္စတွေကိုလည်း ကျွန်တော်တို့ ဆောင်ရွက်ဖို့ အစီအစဉ်များရှိပါတယ်။ တကယ်တမ်း ရှင်းရှင်းပြောရရင် ကျွန်တော်ဟာ ပြင်ပမှာ ရောက်ရှိနေတဲ့၊ နေရာတိုင်းမှာ ရောက်ရှိနေတဲ့ လေလွင့်ကလေးသူငယ်တွေ အားလုံးကိုသာ ကျွန်တော်တို့ လက်ရှိစခန်းတွေထဲထည့်ရင်နေရာမလုံလောက်ဘူးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြစ်ဒဏ်ရှိတဲ့ ကလေးတွေကိုသာ လက်ခံပြီးတော့ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ လျစ်လျူရှုထားလို့ မရဘူးဆိုတာကို တွေ့ရှိရတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ဒီစီမံချက်ကို ရက်(၁၀၀)ထဲကစပြီးတော့ ချမှတ်ခဲ့ပါတယ်။ ရက်(၁၀၀)အလွန် (၆)လမှာလည်း အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ကိုယ်စားလှယ်တော်ကြီး ပြောတဲ့ အတိုင်းပဲ ကျွန်တော်တို့ ရန်ကုန်နဲ့ မန္တလေးတွေမှာ ကျွန်တော်တို့ နေရာရှာပြီးတော့ မြေဧက(၅၀)ခန့် ရရှိအောင် ရှာပြီးတဲ့အခါကျတော့ ကျွန်တော်တို့ သင်တန်းကျောင်းတွေ ဆောက်လုပ်ဖို့ ကျွန်တော်တို့ တွက်ချက်ပြီးတော့ စီမံချက်ကို အဆင်သင့်ရေးဆွဲထားပြီးသားဖြစ်ပါတယ်။ အထူးသဖြင့် ရန်ကုန်တိုင်းမှာ ကျွန်တော်တို့ စမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းအစိုးရအဖွဲ့ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့အားလုံးနဲ့ တိုင်ပင်ပြီးတော့ ကျွန်တော်တို့ ဒီမြေနေရာရရှိရေးကိုလည်း ရန်ကုန်တိုင်းအစိုးရအဖွဲ့က စီစဉ် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အဲဒီ ဧက(၅၀)အပေါ်မှာ ကျွန်တော်တို့ စီမံဆောင်ရွက်ပြီးတော့ ပြစ်ဒဏ်ချမှတ်တဲ့ ကလေးရော၊ ပြစ်ဒဏ်ချမှတ်ပြီး ကျွန်တော်တို့ လက်ခံဆောင်ရွက်ရမယ့် ကလေး ကလည်း တကယ်တမ်း ပြစ်ဒဏ်ရှိတဲ့အတိုင်းသာ ကျွန်တော်တို့ စခန်းကိုပို့မယ်ဆိုရင် ကျွန်တော်တို့ လည်း မလုံလောက်ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ပြစ်မှုရှိသော်လည်း မျက်စိမှိတ်ပြီးတော့ ကျွန်တော်တို့ ပြစ်ဒဏ်အတွက်ကို ဆောင်ရွက်မှုမရှိရသေးတဲ့ ကလေးတွေလည်း လမ်းပေါ်မှာရှိသလို ပြစ်မှုမရှိပေမယ့် လမ်းပေါ်ကိုရောက်နေတဲ့ ကလေးတွေရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အားလုံးအတွက်ကို ကျွန်တော်တို့ စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ပြန်လည် ရှင်းလင်းတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမည့် မေးခွန်းများ ဟာပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းကဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တောင်ပကျေးရွာ အ.မ.က(၁) (မူလွန်) ကျောင်းဝင်းဘေးရှိ ဧရိယာ (၀.၃၃) ဧကအကျယ် မြေလွတ်နေရာတွင် နောက်ထပ် အဆောက်အအုံအသစ် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက မူလမြေအလှူရှင်၏ မိသားစုထဲမှ ကိုယ်ပိုင်အိမ်ခြံမြေ မရှိသူအား ပြန်လည် စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တောင်ပကျေးရွာ အ.မ.က(၁) (မူလွန်) ကျောင်းဝင်းဘေးရှိ ဧရိယာ (၀.၃၃) ဧကအကျယ် မြေလွတ်နေရာတွင် နောက်ထပ် အဆောက်အအုံအသစ် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက မူလမြေအလှူရှင်၏ မိသားစုထဲမှ ကိုယ်ပိုင် အိမ်ခြံမြေ မရှိသူအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးဖေတင်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော် မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မုဒုံမြို့နယ်၊ တောင်ပကျေးရွာ အ.မ.က(၁) (မူလွန်) ကျောင်းဝင်းဘေးရှိ ဧရိယာ(၀.၃၃)ဧကအကျယ် မြေလွတ်နေရာတွင် နောက်ထပ်အဆောက်အဦ အသစ်ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက မူလမြေအလှူရှင်၏ မိသားစုထဲမှ ကိုယ်ပိုင်အိမ်၊ ခြံမြေမရှိသူအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်တင်ပြအပ်ပါတယ်။ ဒါက ကျောင်းဝင်းရဲ့ဘေး မြေကွက်လပ်ဖြစ်တဲ့နေရာပါခင်ဗျား။ ဒါက ကျောင်းဝင်းရှေ့မှာ ဦးချစ်ဆွေ ဆိုတဲ့ပုဂ္ဂိုလ် အတင်းဝင်ဆောက်တဲ့နေရာဖြစ်ပါတယ်ခင်ဗျား။ ဒါက တောင်ပရွာလမ်းမကြီးဘေးမှာရှိတဲ့ အ.မ.က(၁)(မူလွန်)ရဲ့ မျက်နှာစာရှေ့ ရိုက်ထားတဲ့ဓာတ်ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါက ကျောင်းဝင်း အတွင်းမှာရှိတဲ့ မြေလွတ်နေရာကို လွန်ခဲ့တဲ့ရက်သတ္တပတ် သုံးပတ်လောက်မှာ ပြန်လည်ကာရံလိုက်တဲ့ပုံ ဖြစ်ပါတယ်ခင်ဗျာ။ ဒါက ကျောင်းဝင်းနဲ့ကပ်လျက်ရှိတဲ့ မြေလွတ်နေရာများကို အဝေးက ရိုက်ပြထားတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါက ကျောင်းဝင်းရဲ့နေရာမှာ အခုပြန်လည်ကာရံနေတဲ့ အဆောက်အဦကို ခြံစည်းရိုးနဲ့ ပတ်သက်တဲ့ ရိုက်ကူးတဲ့ ဓာတ်ပုံဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော့်ကို ဆက်လက်တင်ပြခွင့်ပြုပါခင်ဗျား။ ဒီ မူလွန်ကျောင်းရဲ့ မြေကွက်ပိုင်ရှင်ဟာ မူလက တောင်ပကျေးရွာက ဦးမောင်အိပ် ဆိုသူလယ်သမားကြီး ဖြစ်ပါတယ်။ ဒီမြေကွက်က (၁.၃၈)ဧကအကျယ်ရှိတဲ့ မြေကွက်ပေါ်ဖြစ်ပြီးတော့ စပါးစိုက်ထားတဲ့မြေကွက် ဖြစ်ပါတယ်ခင်ဗျား။ လွန်ခဲ့တဲ့ ၁၉၉၁ ခုနှစ်မှာ UNICEF ထောက်ပံ့ငွေနဲ့ မူလတန်းကျောင်းဆောက်ဖို့အတွက် စီမံကိန်း ဖြစ်လာတဲ့အခါမှာ မုဒုံမြို့နယ် (မ.ဝ.တ)နဲ့ ကျေးရွာလူကြီးများက ဒီ မြေကွက်ကို အလှူခံခဲ့ပါတယ် ခင်ဗျား။ ဒီလို အလှူခံတဲ့နေရာမှာ အလှူခံ၊ အလှူပေးတဲ့အတွက်ကြောင့် နစ်နာမှုမရှိစေဖို့နဲ့ ပြန်လည်ထောက်ပံ့ပေးမယ်ဆိုတဲ့ ကမ်းလှမ်းချက်နဲ့ ဦးမောင်အိပ် ဆိုသူဆီက အလှူခံခဲ့ခြင်း ဖြစ်ပါ

တယ်။ အဲဒီနေ့ကစပြီးတော့ အခု ခေတ်ပုံမှာမြင်တဲ့အတိုင်းပဲ ဒီမြေကွက်ပေါ်မှာ စာသင်ကျောင်း ဆောက်ပါတယ်။ ခေတ်မှီ စာသင်ကျောင်းရယ်၊ ကျောင်းကစားကွင်းရယ်၊ မုန့်စားဈေးတန်း စသည်ဖြင့် (၀.၇၆)ဧက အကျယ်ရှိတဲ့မြေပေါ်မှာ သပ်ရပ်ခံ့ညားစွာတည်ရှိတဲ့ မူလွန်ကျောင်းအဖြစ် ပေါ်ပေါက်လာခြင်းဖြစ်ပါတယ် ခင်ဗျား။ သို့သော် မူလွန်ကျောင်းရဲ့ဘေးမှာ သက်သေခံခေတ်ပုံမှာ ပြထားတဲ့ အတိုင်း ကျောင်းဝင်းမှာရှိတဲ့ (၀.၃၃)ဧရိယာအကျယ်ရှိတဲ့ မြေကွက်သည် မူလတန်းကျောင်းဝင်းနဲ့ မပတ်သက်တဲ့မြေလို ကျောင်းကထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိဘဲ စွန့်ပစ်ထားတာ နှစ်ပေါင်း(၂၀) ကျော် လာပါပြီခင်ဗျား။ အဲဒီတော့ မူလွန်ကျောင်းပညာရေးအတွက် လှူဒါန်းခဲ့တဲ့ ဦးမောင်အိပ် ဆိုသူရဲ့သား ဦးချစ်ဆွေ ဆိုသူက ယောက္ခမအိမ်မှာ ကလေး(၆)ယောက်နဲ့ နေထိုင်ရတာ အဆင်မပြေ တဲ့အတွက်ကြောင့် ဒီမြေကွက် သူ့အဖေလှူခဲ့တဲ့မြေကွက်မှာ နေထိုင်ခွင့်ရဖို့အတွက်ကို တဲ(၁)လုံး ဝင်ဆောက်ခဲ့ပါတယ်ခင်ဗျား။ ဒီအတွက်ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းက သတိပေးခြင်းနဲ့ တားမြစ်ခြင်းခံရတဲ့နောက်ပိုင်းမှာ တဲကို ပြန်လည်စွန့်ခွာသွားပါတယ်။

ဒီအတွက်ကြောင့် အချည်းနှီးဖြစ်နေတဲ့ စွန့်ပစ်ထားတဲ့မြေကွက်တစ်ကွက်ကို လွန်ခဲ့တဲ့ ရက်ပိုင်းကမှ ပြန်လည်ကာရံပြီးတော့ ထိန်းသိမ်းလိုက်ခြင်း ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းချင်တာကတော့ နောက်ထပ် ပညာရေးနဲ့ပတ်သက်တဲ့ အဆောက်အဦအသစ် ဆောက်လုပ်ဖို့ အစီအစဉ် ရှိ/မရှိနှင့် ဒီမြေကွက်အပေါ်မှာ မရှိတော့ဘူးဆိုရင် (၀.၃၃)ဧရိယာရဲ့ တစ်စိတ်တစ်ဒေသဖြစ်တဲ့ အစိတ်အပိုင်းကို ဦးမောင်အိပ် ရဲ့သား ဦးချစ်ဆွေ ဆိုသူကို ပြန်လည် ထောက်ပံ့ငွေပေးဖို့၊ သူ့အဖေ မရခဲ့တဲ့အခွင့်အရေးကို ပြန်လည်ပေးဆပ်ဖို့ အစီအစဉ် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူး အထူးတင်ပါတယ်။ (ဩဘာသံများ)

ကျောင်းဝန်းဘေးရှေ့ ကွက်လပ်ဖြစ်နေသောနေရာပြပုံ (ည)



ကျောင်းဝန်းရှေ့ ကွက်လပ်တွင် ဦးချစ်ဆွေ တဲဆောက်သည့်နေရာပြပုံ (ည-၁)



ကျောင်းဝန်းဘေးရှိ မြေလွတ်နေရာပြပုံ (ည-၂)



**တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စာမေးပွဲ မေးခွန်းပုံစံ (Question Format) ပြောင်းလဲ ပြင်ဆင်၍ မေးမြန်း စစ်ဆေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးစစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှဦးခင်မောင်ဝင်းက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စာမေးပွဲ မေးခွန်းပုံစံ (Question Format) ပြောင်းလဲ ပြင်ဆင်၍ မေးမြန်း စစ်ဆေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကကျလှပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်းပဲ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို မဖြစ်မနေ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်ကစပြီး ပိတ်ပင်ခံခဲ့ရတဲ့ပညာရေးဟာ ပြုပြင် ပြောင်းလဲမှုတွေ အကြိမ်ကြိမ် အလီလီ ပြုလုပ်ခဲ့သော်လည်း အရာမဝင်ခဲ့ပါ။ မုန့်လုံးစက္ကူကပ်သလို လုံးခြာလိုက်နေခဲ့ပါတယ်။ သိသာထင်ရှားတဲ့ တိုးတက်မှုများ မရရှိခဲ့ပါ။ ပညာရှင်များက ထောက်ပြမှု အမျိုးမျိုးပြုလုပ်နေသော်လည်း ယခုချိန်အထိပေတေပြီး စနစ်ဟောင်းဖြင့်သာ ဆက်လက်ချီတက် နေဆဲပဲ ဖြစ်ပါတယ်။

မြန်မာ့ပညာရေးဟာ တွေးခေါ်မှုထက် ကျက်မှတ်ခြင်းကို အခြေခံထားတဲ့ ပညာရေးစနစ် ဖြစ်နေပါတယ်။ တွေးခေါ်မှုစွမ်းရည် မည်မျှပင် မြင့်မားနေပါစေ ကျက်မှတ်မှုစွမ်းရည် နည်းသောအခါ စာမေးပွဲမှာ အမှတ်ကောင်းကောင်း မရနိုင်ပါ။ ဒါကြောင့် တွေးခေါ်မှုစွမ်းရည်ဖြင့် သင်ကြားခြင်းထက် အလွတ်ကျက် အသေမှတ်စနစ်ဖြင့် သင်ကြားခြင်းက ရှေ့တန်းသို့ ရောက်ရှိလာခဲ့ပါတယ်။ အတွေး အခေါ်ဖြင့် သင်ယူရမည့် ဘာသာရပ်များပင် ကဗျာ၊ လင်္ကာ၊ သီချင်းတို့ဖြင့် အလွတ်ကျက် သင်ယူခဲ့ ကြပါတယ်။ ဒါကလည်း မေးခွန်းပုံစံကြောင့်ပဲ ဖြစ်ပါတယ်။ နာမည်ကြီးကျောင်းများ၊ ကျူရှင်များ၊ ကိုယ်ပိုင်ကျောင်းများမှာ ထူးချွန်ကျောင်းသားများကို ပုံသေနည်းအတိုင်း မွေးထုတ်နိုင်ဖို့ ကြိုးပမ်း အားထုတ်လာခဲ့ကြပါတယ်။ ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ တစ်နိုင်ငံလုံး (၆)ဘာသာ ဂုဏ်ထူးရှင် (၈၉၃)ဦး၊ (၅)ဘာသာ ဂုဏ်ထူးရှင်(၁၈၁၄)ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် (၃၁၁၆)ဦး ဂုဏ်ထူးတွေ ရရှိခဲ့ပါတယ်။ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါတယ်။

သို့သော်လည်း တက္ကသိုလ်ဆရာတစ်ဦးရဲ့ အတွေ့အကြုံအရ ဘာသာရပ်တစ်ခုခု၌ ဂုဏ်ထူးထွက်ခဲ့သူတစ်ဦးကို တွေးခေါ်မြော်မြင်မှုကို အခြေခံသော GCE,O Level မေးခွန်းတစ်စုံ ဖြေခိုင်းကြည့်ရာ အမှတ်ထက်ဝက်ကျော်အောင်ပင် မဖြေနိုင်ကြောင်းသိရှိခဲ့ရပါတယ်။ ကျက်မှတ်ရုံ သက်သက်ဖြင့် ဂုဏ်ထူးထွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အမှန်တကယ် တတ်ကျွမ်းခြင်းမရှိကြောင်း ဝန်ခံတာကို တွေ့ရှိခဲ့ကြပါတယ်။ တီထွင်ကြံဆမှုအသစ်များ၊ မြန်မာ့ဂုဏ်ဆောင်ပညာရှင်များ ပေါ်ထွန်း လာဖို့ရန် အခွင့်အလမ်း အလွန်နည်းပါးခဲ့ရပါတယ်။ ပညာရေးကဏ္ဍပြောင်းလဲရေးမှာ မေးခွန်းပုံစံ ပြောင်းလဲဖို့ လိုအပ်နေပြီဆိုတာ ထင်ရှားလှပါတယ်။ ကျက်မှတ်မှုရော၊ အတွေးအခေါ် မြော်မြင်မှုပါ နှစ်ပိုင်းစလုံး ထည့်သွင်းမေးမြန်းသင့်ပါတယ်။ ဂုဏ်ထူးအမှတ်အတွက် ကျက်မှတ်မှု သာမက တွေးခေါ်မြော်မြင်မှုပါ မေးသင့်သော်လည်း နှစ်အလိုက် အောင်ချက်ရာခိုင်နှုန်း မလျော့ကျစေရေး အတွက် အောင်မှတ်ကို သာမန်ကျောင်းသားများ လိုက်မီရန် မေးမြန်းသင့်ပါတယ်။

ဥပမာ ကျက်မှတ်မှုအတွက် (၇၅)ရာခိုင်နှုန်းနှင့် တွေးခေါ်မြော်မြင်မှုအတွက် (၂၅) ရာခိုင်နှုန်းကို နှစ်အလိုက်မေးမြန်းပြီး နှစ်အလိုက် ရာခိုင်နှုန်းကို ဖြေးဖြေးချင်း ပြောင်းလဲပြုပြင်

နိုင်ပါတယ်။ ကျက်မှတ်မှုကိုအခြေခံသည့် မေးခွန်းပုံစံကို မပြင်သရွေ့၊ မပြောင်းသရွေ့ သင်ကြားသူတို့ကလည်း ထိုအတိုင်း လိုက်ပါသင်ကြားနေကြဦးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်အတွေးအခေါ်ပညာရှင်ကြီး ကွန်ဖြူးရှပ်က အတွေးအခေါ်မပါဘဲ လေ့လာသင်ယူနေမှုသည် အင်အားကို ဖြုန်းတီးခြင်းဖြစ်သည်။ လေ့လာသင်ယူမှုမရှိဘဲ တွေးခေါ်နေခြင်းသည်ကလည်း အန္တရာယ်များလှသည်ဟု အဆိုရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အမှန်တကယ် ထူးချွန်ထက်မြက်သော ကျောင်းသားများ၊ ကျောင်းသူများ ပေါ်ထွန်းလာစေရေးအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စာမေးပွဲမေးခွန်းပုံစံ (Question Format) ပြောင်းလဲပြင်ဆင်၍ မေးခွန်းမေးမြန်းစစ်ဆေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၅။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ရွေးဦးစွာ မွန်ပြည်နယ် အမှတ်(၆) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖေတင် ရဲ့ မေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တောင်ပကျေးရွာ အ.မ.က(၁)(မူလွန်)ကျောင်းဝင်းဘေးရှိ ဧရိယာ(၀.၃၃)ဧကအကျယ် မြေလွတ်နေရာတွင် နောက်ထပ် အဆောက်အဦသစ် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက မူလမြေအလှူရှင်၏ မိသားစုထဲမှ ကိုယ်ပိုင် အိမ်ခြံမြေ မရှိသူအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုသော ကိစ္စနှင့် စပ်လျဉ်းပြီး ရွေးဦးစွာ တင်ပြမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရွေးဦးစွာ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တောင်ပကျေးရွာ(အရှေ့) အခြေခံပညာမူလတန်းလွန်ကျောင်းမြေသည် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကွင်း/အကွက်အမှတ်(၀၉၃)၊ မြေဧရိယာဖော်ပြချက် (၁.၃၈)ဧက မဟုတ်ပါဘဲ ကျောင်းပိုင်မြေစာရင်းပုံစံ (၁၀၅)အရ ကွင်းအမှတ်(၈၉၃)၊ ဦးပိုင်အမှတ် (၁၅၉) ပေါ်မှာတည်ရှိပြီး ဖော်ပြမြေဧရိယာ(၁.၃၅)ဧကရှိပါကြောင်း တင်ပြပါတယ်။ မြေစာရင်းအခွန် အမည်ပေါက် စည်းကြပ်ခံရသူမှာလည်း အခြေခံပညာမူလတန်းလွန်ကျောင်း တောင်ပကျေးရွာကို နိုင်ငံတော်ပိုင်မြေအဖြစ် ဖော်ပြထားပါတယ်။ တင်ပြပါ ကျောင်းပိုင်မြေဟာ (၁.၃၅)ဧက ရှိသော်လည်း ကျောင်းရဲ့ အရှေ့ဘက်မှာရှိတဲ့ ဝါခရူချောင်း ရှိပါတယ်။ ဝါခရူချောင်းသည် နှစ်စဉ် မိုးရာသီမှာ ရေလျှံမှုကြောင့် ဒီချောင်းရေဟာ ကျောင်းဝင်းထဲကို ဝင်ပြီးတော့ အမှန်အသုံးပြုလို့ရတဲ့မြေဟာ (၁)ဧကသာသာပဲ

ရှိပါကြောင်းတင်ပြပါတယ်။ ဒီကျောင်းထဲကို ခုန လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မိန့်ကြားတဲ့အတိုင်းပဲ ၁၉၉၁ က စခဲ့ပါတယ်။ အခုချိန်မှာဆို နှစ်အစိတ်ကျော် ဒါ ပညာရေးအတွက် ဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။

ဒီ စပြီး အခြေခံပညာမူလတန်းအဆင့် ဆောင်ရွက်ခဲ့တာ ယခုအချိန်မှာ ကိုယ်စားလှယ်တော်ကြီး ခုန Slide Show နဲ့တင်ပြတဲ့အတိုင်းပဲ အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်ကို ရောက်နေတာ ဖြစ်ပါတယ်။ ဆိုလိုတာက ဒေသတွင်းရှိ လူငယ်၊ လူရွယ်တွေဟာ အလယ်တန်းပညာအဆင့်အထိ သင်ကြားခွင့်ရနေပြီ ဖြစ်ပါတယ်။ ထို့မှတစ်ဆင့် အလယ်တန်းကျောင်းခွဲ၊ ထို့မှတစ်ဆင့် အလယ်တန်းကျောင်း၊ တကယ်လို့များ အခြေအနေပေးရင် အထက်တန်းကျောင်းအထိတောင် တိုးချဲ့နိုင်မယ့် အခွင့်အလမ်းများရှိပါကြောင်း တင်ပြပါတယ်။ ကျွန်တော်တို့ ဒီ နိုင်ငံတော်မြေက ဒီ မူလအလှူရှင်ရဲ့ ဆွေစဉ်မျိုးဆက်ကို စွန့်လွှတ်ဖို့ မရှိပါဘူး။ စွန့်လွှတ်လို့လည်း ဥပဒေ မရှိပါဘူး။ တကယ်လို့ ပညာရေးဌာနက အသုံးမလိုရင် နိုင်ငံတော်မြေကို ပြည်ထဲရေးဝန်ကြီးဌာနကိုပဲ ပြန်အပ်ခွင့်ရှိပါတယ်။

နောက် (၂)အချက်အနေနဲ့ ခုန ကျွန်တော်တင်ပြခဲ့သလို ပြီးခဲ့တဲ့ နှစ်အစိတ်လောက်က ထူထောင်လာတဲ့ မူလတန်းကျောင်းလေးဟာ ဒီအချိန်မှာ မူလတန်းလွန်ကျောင်းအဆင့် အလယ်တန်းပညာသင်ကြားခွင့်ရသလို ရှေ့လျှောက်မှာလည်း အထက်တန်းကျောင်းအဆင့်အထိ ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ် ကန့်သတ်ချက်များအရ ဒီ လမ်းနဲ့ ခြံစည်းရိုးဟာ ဘဏ္ဍာငွေရဖို့ အလွန်ခက်ခဲပါတယ်။ သို့သော် တင်ပြပါအခြေအနေများအရ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ဓာတ်ပုံမှတ်တမ်းမှာ ဒီနှစ်မှာ ကျွန်တော်တို့ မွန်ပြည်နယ် ပညာရေးမှူးရုံးအစီအစဉ်နဲ့ ခြံစည်းရိုးခတ်ဖို့ (၆၁.၆)သိန်းနဲ့ လုပ်ငန်းများဆောင်ရွက်ခဲ့တာ ပြီးစီးသွားပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ကျောင်းအဆင့်တိုးမြှင့်ရေးအတွက် ဆောင်ရွက်ရန် အစီအစဉ် ရှိပါကြောင်းနဲ့ နိုင်ငံတော်ပိုင်မြေကို ယခင် ပိုင်ဆိုင်ခဲ့တဲ့လူရဲ့ ဆွေစဉ်မျိုးဆက်ကို လွှဲပြောင်းပေးရန် ဥပဒေ မရှိပါကြောင်း ဖြေကြား တင်ပြပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ တက္ကသိုလ်ဝင်တန်း စာမေးပွဲအတွက် စာမေးပွဲပုံစံ (Question Format) ပြောင်းလဲပြင်ဆင်၍ မေခွန်းစစ်ဆေးရန် အစီအစဉ် ရှိ/မရှိ ကိစ္စနှင့် ပြန်လည်ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းအတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဒီ ပညာရည်အဆင့်အတန်း မြင့်မားရေးမှာ စစ်ဆေးအကဲဖြတ်ခြင်းဟာ မေးခွန်းစနစ်သည် အလွန်အရေးကြီးပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ထောက်ပြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လည်း ဆောင်ရွက်ရန် အစီအစဉ်ရှိပါတယ်။ သို့သော် ပညာရည်မြင့်မားမှု ဆောင်ရွက်ရာမှာ ဒီ မေးခွန်းတစ်ခု ပြင်လိုက်ရုံတစ်မျိုးတည်းနဲ့တော့ ကျွန်တော်တို့ ဆောင်ရွက်လို့ မရပါဘူး။ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို GCE,O Level မေးခွန်းများသည် ကမ္ဘာမှာ ဒါ စံအနေနဲ့ သတ်မှတ်ထားတာရှိပါတယ်။

အဲဒီတော့ မေးခွန်းပုံစံပြောင်းတာသည် မေးခွန်းထုတ်သူ ပါမောက္ခများ လွယ်လင့်တကူ ဆောင်ရွက်နိုင်သော်လည်း ဒီ မေးခွန်းကိုဖြေကြားနိုင်ဖို့ ကျွန်တော်တို့ ပြင်ဆင်ဖို့ အများကြီးလိုအပ်ပါတယ်။ ဒီ မေးခွန်းပုံစံကို သင်ကြားနိုင်တဲ့ ဆရာ၊ ဆရာမတွေကို လေ့ကျင့်ပေးဖို့လိုပါတယ်။ နောက် မေးခွန်းပုံစံနဲ့ ဆီလျော်တဲ့ သင်ရိုးညွှန်းတမ်းတွေ ကျွန်တော်တို့ ပြန်လည်သတ်မှတ်ဖို့လိုပါတယ်။ နောက်တစ်ခါ ဒီ (၁၀)တန်းရောက်မှ မေးခွန်းပုံစံကို ရုတ်ခြည်းပြောင်းလဲလိုက်ခြင်းသည် တစ်ပြည်လုံး အတိုင်းအတာနဲ့ကျတော့ ကြီးစွာသော Impacts ရနိုင်ပါတယ်။ အဲဒီတော့ ဒီမေးခွန်းပုံစံ GCE ပုံစံ စစ်မယ်ဆိုလည်း (၇)တန်း၊ (၈)တန်း၊ (၉)တန်းထဲကနေ ကြိုတင်ပြင်ဆင်ပြီးမှ ဆောင်ရွက်လို့ရပါကြောင်း တင်ပြအပ်ပါတယ်။ နောက် ကျွန်တော်တို့ ပညာရေးမြှင့်တင်မှုဆိုတာ ဒီ မြို့ပေါ်ခုန လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားသလို မြို့ပေါ်နာမည်ကြီးကျောင်း၊ ဒီ အခြေအနေပြည့်စုံတဲ့ ကျောင်းတွေ မယ် ကွက်ကွက်လေး ကျွန်တော်တို့ ဆောင်ရွက်ဖို့ဟာ မဖြစ်နိုင်ပါဘူး။

တစ်ပြည်လုံးအတိုင်းအတာ ထုထည်ကြီးမားသော ဒီ တစ်နိုင်ငံလုံးမှာရှိတဲ့ ပညာရေးစနစ် အတွက် ဦးတည်ဆောင်ရွက်ပြီး ဆောင်ရွက်မှသာ ပြည့်စုံနိုင်မှာ ဖြစ်ပါတယ်။ ယခုအချိန်မှာလည်း အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို အမျိုးသားပညာရေးဥပဒေအရ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ အဲဒီ အောက်မှာ ကျွန်တော်တို့ သင်ရိုးညွှန်းတမ်းကော်မတီတွေ၊ အရည်အသွေးသတ်မှတ်ရေးကော်မတီတွေ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ အဲဒီတော့ အမျိုးသားပညာရေး မြင့်မားရန်မှာ တစ်ဆင့်ပြီးတစ်ဆင့် ပြည့်စုံအောင်ဆောင်ရွက်ပြီးမှ ကျွန်တော်တို့ မေးခွန်းပုံစံ ပြောင်းလဲအဆင့် ဒါ လက်တွေ့ အကောင် အထည် ဖော်နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ စီမံချက်ပါများအရ အမျိုးသားပညာရေး မြင့်မားမှုသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်သည် မိမိတို့ စွမ်းနိုင်သလောက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ခုန ကရုဏာဒေါသောနဲ့ ပြောသလို တေပေပြီး စနစ်ဆိုးကိုကိုင်စွဲနေခြင်းတော့ မဟုတ်ရပါကြောင်း ဒါအမျိုးသားလွှတ်တော်ကြီးအား ရှင်းလင်းတင်ပြအပ်ပါတယ်။

အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး အကြံပြုသကဲ့သို့ မေးခွန်း Format ပြင်ပြီး စဥ်းစားဆင်ခြင်မှုကို ဦးစားပေးတဲ့ မေးခွန်းများဖြစ်လာဖို့ ကျွန်တော်တို့ ရည်မှန်းထားပါတယ်။ ရည်မှန်းချက်လည်း အောင်မြင်အောင် ရှေးဦး ကျွန်တော်တင်ပြခဲ့သလို တစ်ဆင့်ပြီးတစ်ဆင့် ပြည့်စုံအောင် ဆောင်ရွက်သွားဖို့ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လိုရင်းကိုမေး၊ လိုရင်း။

**အချိန်၊ ၁၁း၀၄။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဟုတ်ကဲ့။ စောစောက ပညာရေးဝန်ကြီး ဖြေသွားတဲ့အထဲမှာ ကျွန်တော်တို့ ပြေစာကို ထုတ်ခဲ့ပေးတယ်လို့ သာမန်ပဲ ဖြေသွားပါတယ်။ ဘယ်နှစ်ခု နှစ်က ဘယ်သူ့နာမည် ထုတ်သလဲဆိုတာ အတိအကျ မပါသလို နောက်တစ်ချက်က ဒီမြေကို အလှူခံ ခဲ့တဲ့ မှတ်တမ်းတွေကို ဘာကြောင့် ဝန်ကြီး ထုတ်ပြန်ပြီးတော့ မထုတ်ဖော်ပြောသွားသလဲဆိုတာ တစ်ချက် သိချင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၀၄။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ အဲဒါနဲ့ပတ်သက်လို့တော့ ဒီ ပြီးခဲ့တဲ့ နှစ်အစိတ်ကျော်က ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ သာမန်အားဖြင့် ကျွန်တော်တို့ နိုင်ငံတော်ပိုင်မြေအမည်ပေါက်ဆိုရင် ကျွန်တော်တို့ ဘတ်ဂျက်ချပေးရပါတယ်။ လုပ်ငန်းဆောင်ရွက်ရပါတယ်။ သီးခြားပြေစာများကတော့ ဒေသတွင်း အစီအစဉ်သာ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့မေးခွန်းများဟာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြည်ပသို့ တရားဝင်သွားရောက် အလုပ် လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင့်ဆင့် ကြန့်ကြာမှုများကို ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး က ပြည်ပသို့ တရားဝင်သွားရောက် အလုပ် လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင့်ဆင့် ကြန့်ကြာမှုများကို ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၅။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ် ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းမိုးမိုးထွေး ဖြစ်ပါတယ်ရှင်။ ပြည်တွင်း ပြည်ပ အလုပ်မားဆိုင်ရာ ကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်ရှင်။ ဒီကနေ့ ကျွန်မ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်ပသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်လိုသူများ ကြုံတွေ့နေရသော အခက်အခဲတစ်ခုဖြစ်တဲ့ လုပ်ငန်းစဉ်အဆင့်ဆင့် ကြန့်ကြာမှုများအား လျှော့ချပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းပဲဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ နိုင်ငံမှာ အလုပ်အကိုင်ရှားပါးခြင်း၊ လုပ်ခလစာ နည်းပါးခြင်းတို့ကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်သူဦးရေမှာ တစ်နေ့တစ်ခြား များပြားလာပါတယ်။ ကျွန်မတို့ရဲ့ ကရင်ပြည်နယ်၊ မြဝတီမြို့မှာရှိတဲ့ ထိုင်း-မြန်မာချစ်ကြည်ရေးတံတားမှာဆိုလို့ရှိရင် နေ့စဉ်နှင့်

အမျှ ကျွန်မတို့ လူငယ်တွေ အမျိုးသမီးငယ်လေးတွေဟာ တစ်ဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်ဖို့ အတွက် ဖြတ်သန်းသွားလာနေကြတာကို တွေ့မြင်ရတဲ့ မြန်မာနိုင်ငံသားတိုင်းဟာ ဝမ်းနည်းမိကြမှာ အမှန်ပင်ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ရဲ့နိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်း မဖန်တီးပေးနိုင်သေး သရွေ့တော့ ကျွန်မတို့ ဝမ်းနည်းစွာဖြင့် ဒီမြင်ကွင်းလေးကို မကြည့်ချင်တဲ့အဆုံး မြင်နေကြရမှာ ဖြစ်ပါတယ်။

သို့သော်လည်းပဲ ပြည်ပသို့ သွားရောက်လုပ်ကိုင်နေသူတွေ၊ သွားရောက်လုပ်ကိုင်လိုသူတွေ အဆင်ပြေချောမွေ့အောင် သွားရောက်လုပ်ကိုင်ဖို့အတွက် တတ်နိုင်တဲ့ဘက်က ကျွန်မတို့ ဝိုင်းဝန်း အဖြေရှာ ကာကွယ်ပေးကြဖို့တော့ လိုအပ်ပါမယ်။ အဲဒီလိုတရားဝင်သွားရောက် လုပ်ကိုင်သူတွေ ရှိသကဲ့သို့ တရားဝင်၊ တရားမဝင် သွားရောက်လုပ်ကိုင်သူတွေများလည်း များစွာရှိနေပါတယ်။ တရားမဝင် သွားရောက်လုပ်ကိုင်သူတွေဟာ လုပ်အားခနည်းပါးခြင်း၊ အခွင့်အရေးအပြည့်အဝမရရှိခြင်း၊ လုပ်အားခခေါင်းပုံဖြတ်ခံရခြင်း၊ ကြားပွဲစားများအား ဝန်ဆောင်ခ အဆမတန်ပေးနေရခြင်း စတဲ့ အခက်အခဲများကိုလည်း ကြုံတွေ့နေကြရပါတယ်။ ကြားပွဲစားတွေကို ထိန်းချုပ်နိုင်ဖို့နှင့် တရားမဝင် နယ်စပ်ဖြတ်ကျော်မှုကို ထိရောက်စွာဟန့်တားနိုင်ရေးလည်း လိုအပ်မှာဖြစ်ပါတယ်။ လိုင်စင်ရ အေဂျင်စီ တွေမှာလည်း မှန်ကန်စွာ လုပ်ဆောင်နေတဲ့ အေဂျင်စီတွေရှိသလို လမ်းလွဲနေတဲ့ အေဂျင်စီတွေလည်း များစွာရှိနေတယ်လို့ ကြားသိရပါတယ်။ ဝန်ကြီးဌာနအနေဖြင့် မမှန်မကန် ဆောင်ရွက်နေတဲ့ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု အေဂျင်စီများကို မျက်နှာကြီးငယ်မရွေး အပြစ်ပေးအရေးယူဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မည်သူမဆို ပြည်ပသို့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာမှာ တရားဝင်လမ်း ကြောင်းဖြင့်သာ လုံခြုံစွာ သွားရောက်လုပ်ကိုင်လိုကြမှာ ဖြစ်ပါတယ်။ ဝေးလံခေါင်သီတဲ့နေရာဒေသ မှာ ပြည်ပသို့ တရားဝင်သွားရောက်လုပ်ကိုင်လိုသူတွေဟာ ကုန်ကျစရိတ်များပြားခြင်း၊ အချိန်ကြာမြင့် ခြင်းများကြောင့် တရားမဝင်လမ်းကြောင်းဖြင့်သာ ရွေးချယ်ပြီးတော့ သွားရောက်လုပ်ကိုင်နေကြရတာ တွေလည်း ရှိပါတယ်ရှင်။ အဲဒါကြောင့်မို့လို့ ပြည်ပသို့ တရားဝင်သွားရောက် လုပ်ကိုင်လိုသူများ ကြုံတွေ့နေရတဲ့ လုပ်ငန်းစဥ်အဆင့်ဆင့် ကြန့်ကြာနေခြင်းများဖြစ်တဲ့ ပညာ၊ ကျန်းမာခွင့်ပြုချက်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ မလိုအပ်တဲ့ စာရွက်စာတမ်းများတောင်းခံခြင်း၊ စစ်ဆေးခြင်း၊ သင်တန်း ကျောင်းတက်ရောက်ခွင့် ကန့်သတ်ခြင်းများကို ဖြေလျှော့ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ပြည်ပရွှေ့ပြောင်း အလုပ်သမားများရဲ့ကိုယ်စား လေးစားစွာ မေးမြန်းအပ် ပါတယ်ရှင်။ (ဩဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊တမူးမြို့ကို မြန်မာ - အိန္ဒိယနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့လှည့်ခရီးသည်များ ဝင်/ထွက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ကို မြန်မာ - အိန္ဒိယနယ်စပ် အပြည်ပြည်

ဆိုင်ရာ ဝင်/ထွက် ပေါက်အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့လှည့်ခရီးသည်များ ဝင်/ထွက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ဖြစ်ပါတယ်။စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ကို မြန်မာ - အိန္ဒိယနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့လှည့်ခရီးသည်များ ဝင်/ထွက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊တမူးမြို့ကို ကဘော်ချိုင့်ဝှမ်းမြို့တော်လို့လည်း ခေါ်ပါတယ်။ အလောင်းမင်းတရားကြီး အာသံမဏိပူရပြည်နယ်ကို စစ်ချီသွားရာလမ်းကြောင်းပေါ်မှာရှိသလို ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်စစ်တပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားရတဲ့ နောက်ဆုံးနယ်စပ်မြို့လေးလည်း ဖြစ်ပါတယ်။ ဂျပန်စစ်သည်ဟောင်းများနဲ့ ဆွေမျိုးသားချင်းများ အရိုးကောက်လာဖူးတဲ့ နောက်ထပ်လည်းလာချင်နေတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ မြန်မာ - အိန္ဒိယနယ်စပ်မြို့ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးကို လက်ရှိဆောင်ရွက်နေတဲ့ စခန်းမြို့တစ်ခုလည်းပဲ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံသားများ၊ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ရန်ကုန်မြို့ကတစ်ဆင့်ဝင်လာတဲ့ ကမ္ဘာလှည့်ခရီးသည်များ တမူးမြို့ကို လာရောက်လည်ပတ်ခွင့်ရတာ သိပ်မကြာသေးပါဘူး။ အိန္ဒိယနိုင်ငံသားများကတော့ လူတစ်ဦးကို အိန္ဒိယက ရူပီးငွေ(၁၀)၊ ကားတစ်စီးကို အိန္ဒိယရူပီးငွေ(၁၀၀)ပေးပြီးတော့ တမူးမြို့ကို နေ့ချင်းပြန် ဝင်ရောက်လည်ပတ်ခွင့်ရနေပါတယ်။

အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်ကိစ္စနဲ့ ပတ်သက်ပြီး မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်-မယ်ဆိုင် ဝင်/ထွက်ပေါက်အကြောင်း တင်ပြပါရစေ။ ထိုင်းနိုင်ငံသားတွေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေဟာ Border Pass တွေ၊ Temporary Border Pass တွေ၊ Entry Permit တွေ စတာတွေနဲ့ ထိုင်းဘတ်ငွေ, အမေရိကန်ဒေါ်လာတွေပေးပြီး အနည်းဆုံး (၆)ညအိပ် (၇)ရက်၊ အများဆုံး(၁၃)ညအိပ်၊ (၁၄)ရက်တွေထိတာချီလိတ်ကိုဝင်ရောက်လည်ပတ်ခွင့်၊ ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်ခွင့်၊ အခြားနယ်စပ်မှ ပြန်လည်ထွက်ခွာခွင့်များ ရရှိနေတယ်လို့ သိရှိရပါတယ်။

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာနှစ်မှာ အဲဒီနယ်စပ်က ကောက်ခံရရှိငွေဟာ လျာထား သတ်မှတ်ချက်ထက် မြန်မာကျပ်ငွေသန်းပေါင်းများစွာ ပြည့်မီကျော်လွန် ကောက်ခံရရှိတယ်လို့လည်းပဲ သိရှိရပါတယ်။ ၂၀၁၀ ကနေ ၂၀၁၃ ခုနှစ်အထိ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့ ကမ္ဘာလှည့်ခရီးသွားအရေအတွက် စုစုပေါင်းရဲ့ (၅၆)ရာခိုင်နှုန်းဟာ နယ်စပ်ဝင်/ထွက်ပေါက်ကနေတစ်ဆင့် ဝင်လာတာဖြစ်တယ်လို့လည်း သိရှိရပါတယ်ခင်ဗျား။ ဒါကြောင့် အိန္ဒိယနိုင်ငံသားတွေနဲ့ ကမ္ဘာလှည့်ခရီးသည် တွေကို အနည်းဆုံး တမူးမြို့ကနေ ကလေးမြို့အထိ ဝင်/ထွက်ခွင့်ပေးမယ်ဆိုရင် အိန္ဒိယကိုရောက်လာတဲ့

ကမ္ဘာလှည့်ခရီးသည်များဟာ နီပေါ၊ ဘူတန်နဲ့ အိန္ဒိယအရှေ့မြောက်ဒေသ အာသံ၊ မဏိပူရ၊ နာဂလင်း စတဲ့ ပြည်နယ်များ ကနေတစ်ဆင့် တမူးမြို့၊ ကလေးမြို့တို့ကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ အဲဒီလို ရောက်ရှိလာမယ်ဆိုရင် ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်တဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အငှားယာဉ် လုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ရိုးရာလက်မှုအနုပညာ ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာပြီး နိုင်ငံတော်လည်း ဝင်ငွေရ၊ ဒေသခံပြည်သူများ လည်း အလုပ်အကိုင်ရရှိကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ကို အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ်သတ်မှတ်ပြီး ကမ္ဘာ့လှည့်ခရီးသည်များ ဝင်/ထွက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၁၃။**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးသိန်းဆွေ ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော်တို့ ဒေါ်နန်းမိုးမိုးထွေး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းဖြစ်တဲ့ ပြည်ပသို့ တရားဝင်သွားရောက် အလုပ် လုပ်ကိုင်နိုင်ဖို့အတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင့်ဆင့်ကြန့်ကြာမှုများကို ဖြေလျှော့ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ ဖြေကြားလိုပါတယ်။

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမယ့် အလုပ်သမားများစေလွှတ်ရေး လုပ်ငန်းစဉ် ကို ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ ဝန်ကြီးဌာနက ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်တဲ့ အေဂျင်စီများအတွက် ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားများနှင့် လိုက်နာရမည့်စည်းကမ်းများကိုလည်းပဲ စနစ်တကျချမှတ်ပြီး ဆောင်ရွက်နေ ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းဟာ ပြည်ပသို့ အလုပ်သမားစေလွှတ်မှု လုပ်ငန်းစဉ်များ ပိုမိုစနစ် တကျဖြစ်လာစေဖို့ အလုပ်သမားများကို ပိုမိုထိရောက်စွာကာကွယ်ပေးနိုင်စေဖို့နဲ့ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန်တို့နဲ့ ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ ရည်ရွယ်ဆောင်ရွက် နေခြင်းပဲ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြချက်မှာပါတဲ့ လုပ်ငန်းစဉ်များမှာ ဆက်လက်ပြီးတော့မှ ဝန်ကြီးဌာနအနေနဲ့ သတ်မှတ်ပြီးတော့မှ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များ ဖြစ်ပါတယ်။ အလျဉ်းသင့်လို့ ဒီလုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီးတော့မှ ကိုယ်စားလှယ်တော်ကြီးများကို ဥက္ကဋ္ဌကြီးမှ

တစ်ဆင့် တင်ပြချင်တာကတော့ ကျွန်တော်တို့ချမှတ်ထားတဲ့ လုပ်ငန်းစဉ်များကတော့ပြည်ပနိုင်ငံများကို အလုပ်သမားစေလွှတ်ခွင့်ကို ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ ကျွန်တော်တို့ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလို ခွင့်ပြုချက်ရရှိနိုင်ဖို့အတွက်ကိုလည်းပဲ အလုပ်ခေါ်စာ (Demand Letter)များကို စစ်ဆေးတာ၊ လုပ်ငန်းခွင် အကြိုသင်တန်းပို့ချတာ၊ သက်ဆိုင်ရာနိုင်ငံအလိုက်ဆောင်ရန်၊ ရှောင်ရန်တို့ကို မှာကြားတဲ့လုပ်ငန်းတွေဆောင်ရွက်ပါတယ်။ အဲဒါတွေဆောင်ရွက်ပြီးတော့မှ ပြည်ပသို့စေလွှတ်ခွင့်ပြုတဲ့ လုပ်ငန်းစဉ်ကိုစနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ရည်မှန်းချက်တာဝန်မှာ ပြည်ပသို့ အလုပ်သမားများစေလွှတ်ရေးကို စိစစ်ရမည့်တာဝန် သတ်မှတ်ထားပါတယ်။ အဲဒီလုပ်ငန်းစဉ်ကလည်းပဲ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိမှုကို သိရှိဖို့နဲ့ ပြည်ပသို့အလုပ်သမားစေလွှတ်မှုကို စနစ်တကျ စိစစ်နိုင်ရန်အတွက် ဖြစ်ပါတယ်။ ယခင်တုန်းက ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေးကို ကျွန်တော်တို့ (၂)ပတ်ကိုတစ်ကြိမ် ပြုလုပ်ခဲ့သော်လည်းပဲ ပိုမိုမြန်ဆန်ဖို့အတွက် မေလကစပြီးတော့မှ အပတ်စဉ် အင်္ဂါနေ့တိုင်းပြုလုပ်နေတာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များကလည်းပဲ အချိန်ကြန့်ကြာမှုကိုလျှော့နည်းစေရေးအတွက် ဖြေလျှော့ပေးလျက်ရှိပါတယ်လို့ တင်ပြလိုပါတယ်။

အလားတူပါပဲ ပြည်ပကို ထွက်ခွာမည့် အလုပ်သမားများကို လုပ်ငန်းခွင် အကြိုသင်တန်းပို့ချရခြင်းမှာလည်းပဲ သက်ဆိုင်ရာ နိုင်ငံဥပဒေအရ ခံစားခွင့်ရှိတဲ့ ရပိုင်ခွင့်နှင့် အကာအကွယ်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်သမားများ သိရှိထားသင့်တဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေများ၊ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ လုပ်ငန်းခွင်အခြေအနေဆောင်ရန်၊ ရှောင်ရန်တို့ကို ဆွေးနွေးပေးခြင်း ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းခွင်သို့ ရောက်ရှိတဲ့အချိန်မှာ အလုပ်ရှင်၊ အလုပ်သမားနဲ့ အလုပ်သမားအချင်းချင်းအကြားမှာ ကောင်းမွန်တဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်မှာဖြစ်ပြီးတော့မှ ရေရှည်လုပ်ကိုင်နိုင်မှာလည်း ဖြစ်ပါတယ်။

ဒ့ါအပြင် မလိုလားအပ်တဲ့ ပြဿနာများ တစ်စုံတစ်ရာပေါ်ပေါက်လာပါကလည်းပဲ ဖြေရှင်းဆောင်ရွက်ရမယ့် နည်းလမ်းများကို သိရှိပြီးတော့မှ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းခွင်အကြိုသင်တန်းသည် ပြည်ပသို့ သွားရောက်မယ့် အလုပ်သမားတိုင်း မဖြစ်မနေတက်ရောက်ရမယ့် သင်တန်းတစ်ခုဖြစ်ပါတယ်။ နိုင်ငံတကာမှာရှိတဲ့ အလုပ်သမားစေလွှတ်တဲ့နိုင်ငံတိုင်းမှာလည်း အဆိုပါသင်တန်းမျိုးကို မဖြစ်မနေဆောင်ရွက်နေတာကိုလည်းပဲ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်ပသို့အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်မှာ အလုပ်သမားစေလွှတ်မယ့်အေဂျင်စီများထံမှ စာရွက်စာတမ်းများ တောင်းခံပါတယ်။ အဲဒီ စာရွက်စာတမ်းတွေကတော့အလုပ်သမားစေလွှတ်မယ့် အေဂျင်စီများမှ အလုပ်ခေါ်စာ (Demand Letter) မူရင်းတောင်းခံပါတယ်။ အလုပ်သမား သံအရာရှိရဲ့ ထောက်ခံချက် သို့မဟုတ် သက်ဆိုင်ရာနိုင်ငံမှာရှိတဲ့မြန်မာသံရုံးရဲ့ ထောက်ခံချက် တောင်းခံပါတယ်။ အေဂျင်စီရဲ့ ဝန်ခံကတိပြုချက် တောင်းခံပါတယ်။ မြန်မာ- အင်္ဂလိပ်နဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ ဘာသာစကားတို့နဲ့ ချုပ်ဆိုထားတဲ့ စံအလုပ်ရှင်၊ အလုပ်သမားအလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်ကိုလည်းပဲ တောင်းခံပါတယ်။ လုပ်ငန်းခွင်မှာရှိတဲ့

ခေတ်ပုံလည်း တောင်းခံပါတယ်။ အလုပ်သမားများရဲ့ နိုင်ငံကူးလက်မှတ်ကိုလည်းပဲ တောင်းခံပါတယ်။ အဲဒီလို စာရွက်စာတမ်းတွေ တောင်းခံရတာ ခိုင်မာတဲ့အကြောင်းပြချက်တွေ ရှိပါတယ်။ အလုပ်ခေါ်စာ (Demand Letter) များ စိစစ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်တဲ့နေရာမှာ ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံကို စေလွှတ်မယ့် အလုပ်သမားများရဲ့ အလုပ်ခေါ်စာများ မှန်ကန်ရေး၊ အဲဒီနိုင်ငံမှာရှိတဲ့ အလုပ်သမားသံအရာရှိများက စိစစ်ထောက်ခံပြီးမှသာ ဝန်ကြီးဌာနကို တင်ပြရပါတယ်။ အခြားနိုင်ငံ များကို စေလွှတ်မယ့် အလုပ်သမားများအတွက်ကတော့ တင်ပြလာတဲ့ အလုပ်ခေါ်စာများကို အလုပ်သမားများ လုံခြုံစိတ်ချစွာ သွားလာနိုင်ဖို့အတွက် လုပ်ငန်းခွင်အခြေအနေ လုပ်ခလစာရရှိမှု အခြေအနေနဲ့ အမှန်တကယ် အလုပ်သမား လိုအပ်မှု ရှိ/မရှိတို့ကို စိစစ်ဖို့အတွက် လိုအပ်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံမှာရှိတဲ့ မြန်မာသံရုံး များကို ပေးပို့ပြီးတော့မှ စိစစ်မှုများ ပြုလုပ်နေခြင်းဖြစ်ပါတယ်။အလုပ်သမားများစေလွှတ်မယ့် အေဂျင်စီများကအလုပ်ခေါ်စာ (Demand Letter) မူရင်း တောင်းခံရခြင်းဟာ အလုပ်ခေါ်စာအတုနဲ့ တင်ပြမှုများမရှိစေဖို့ပဲ ဖြစ်ပါတယ်။ ခေါ်ယူမယ့် အလုပ်သမားအရေအတွက် စာချုပ်သက်တမ်းနဲ့ အလုပ်အကိုင် အမျိုးအစား၊ သက်ဆိုင်ရာ နိုင်ငံဥပဒေအရ သတ်မှတ်ထားတဲ့ လုပ်ခလစာနဲ့ ဖြတ်တောက်ငွေများကို ကျွန်တော်တို့ ဌာနတွေရော၊ အလုပ်သမားများရော တိတိကျကျ သိရှိနိုင်ဖို့ ဖြစ်ပါတယ်။ အလုပ်သမား သံအရာရှိရဲ့ ထောက်ခံချက် သို့မဟုတ် သက်ဆိုင်ရာနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးရဲ့ ထောက်ခံချက် တောင်းခံရခြင်းမှာလည်းပဲ အလုပ်ခေါ်စာပါတဲ့ လုပ်ငန်းခွင် အခြေအနေ တွေက တကယ်မှန်ကန်မှု ရှိ/မရှိ၊ အလုပ်သမားများ တကယ်လိုအပ်မှုရှိ/မရှိနှင့် မြန်မာအလုပ်သမား များအတွက် သင့်တော်ကောင်းမွန်တဲ့ အလုပ်အကိုင်အမျိုးအစား ဟုတ်/မဟုတ် သိရှိနိုင်ဖို့အတွက် လည်း ဖြစ်ပါတယ်။ အေဂျင်စီရဲ့ ဝန်ခံကတိပြု တောင်းခံခြင်းဟာလည်းပဲ အေဂျင်စီအနေနဲ့ တာဝန်ယူစေလွှတ်ခဲ့တဲ့ အလုပ်သမားများနဲ့ ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာနိုင်ငံနဲ့ ချိတ်ဆက် ဆောင်ရွက်နိုင်မှုအခြေအနေ စာချုပ်သက်တမ်းပြည့်သည်အထိ အေဂျင်စီအနေနဲ့ လိုအပ်သည့် ချိတ်ဆက်မှုများ တာဝန်ယူမှုများကို အလုပ်သမားများအပေါ်မှာ ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိကို ကျွန်တော်တို့ တာဝန်ယူမှုတစ်ရပ်အနေနဲ့ တောင်းခံခြင်းဖြစ်ပါတယ်။ မြန်မာ-အင်္ဂလိပ်နဲ့ သက်ဆိုင်ရာ နိုင်ငံရဲ့ ဘာသာစကားတို့ဖြင့် စာချုပ်ရဲ့ စံအလုပ်ရှင်၊ အလုပ်သမားခန့်ထားခြင်း စာချုပ်ဆိုင်ရာ ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်တောင်းခံရခြင်းကလည်းပဲ အလုပ်သမားများ လက်မှတ်ရေးထိုး ရာမှာ သိရှိထားသင့်တဲ့ရပိုင်ခွင့်နှင့် ခံစားခွင့်များနှင့် ပတ်သက်ပြီးတော့မှ ကွဲလွဲမှု မရှိစေဖို့အတွက် ဖြစ်ပါတယ်။ အလုပ်သမားများရရှိမယ့် လုပ်ခလစာ၊ အလုပ်ချိန်၊ အလုပ်ပိတ်ရက်၊အချိန်ပိုလုပ်ခ၊ နေထိုင်စားသောက်မှုနှင့် ပတ်သက်ပြီးတော့မှ စီစဉ်ပေးထားမှုများအခြေအနေနဲ့ ပေးသွင်းရမယ့် အာမခံကြေးနှင့် ပတ်သက်တဲ့အချက်တို့ကို စိစစ်နိုင်ရန်အတွက် တောင်းခံခြင်းပဲ ဖြစ်ပါတယ်။ လုပ်ငန်းခွင် ဓာတ်ပုံတောင်းခံခြင်းဟာလည်းပဲ စေလွှတ်မယ့် အေဂျင်စီမှတင်ပြတဲ့ လုပ်ငန်းခွင် အခြေအနေနဲ့ အလုပ်သမားသံအရာရှိနဲ့ မြန်မာသံရုံးရဲ့ စိစစ်မှုများ ကွဲလွဲမှု ရှိ/မရှိ စိစစ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ အလုပ်သမားများရဲ့ သာမန်နိုင်ငံကူးလက်မှတ်တောင်းခံခြင်းသည် ဗီဇာလျှောက်ထားမှု အတွက်သော်လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံနှင့်အလုပ် လုပ်ကိုင်ခွင့် သတ်မှတ်လျှောက်ထား

ရာတွင်လည်းကောင်း မှားယွင်းမှုမရှိစေရေးနှင့် လူအစားထိုးပြီးတော့မှ စေလွှတ်ခြင်းမျိုး မပြုနိုင်ရန် အတွက်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အထက်ပါ စာရွက်စာတမ်းများတောင်းခံရခြင်းမှာ အလုပ်သမားများ သက်ဆိုင်ရာလုပ်ငန်းခွင်ကို ရောက်တဲ့အခါမှာ စာရွက်စာတမ်းလိုအပ်မှု အမှားအယွင်း မရှိရေး အတွက်သော်လည်းကောင်း၊ အေဂျင်စီများမှ စေလွှတ်တဲ့ အလုပ်သမားများအတွက် သက်ဆိုင်ရာနိုင်ငံ ရဲ့ ရပိုင်ခွင့်နှင့် အကာအကွယ်များ ပေးနိုင်ရန်အတွက်လည်းကောင်း၊ အလုပ်သမားများ စေလွှတ်သည့် အေဂျင်စီများ၏ တာဝန်ယူရမည့် ကိစ္စရပ်များကို သိရှိစေရန်အတွက်လည်းကောင်း စိစစ်ရန်လိုအပ်တဲ့ စာရွက်စာတမ်းများကိုသာ တောင်းခံရခြင်း ဖြစ်ပါတယ်။ ပြည်ပအလုပ်အကိုင် အကျိုးဆောင် အေဂျင်စီများမှ အလုပ်သမားများစေလွှတ်ရန်အတွက် ပြည်ပမှ အလုပ်သမားခေါ်ယူသော Demand Letter များ တင်ပြရာမှာ အချက်အလက်ပြည့်စုံစွာ တင်ပြနိုင်မှုမရှိခြင်း၊ အချက်အလက်မပြည့်စုံ၍ အေဂျင်စီများသို့ ပြန်လည်တောင်းခံတဲ့အခါမှာ အချိန်မီပေးပို့မှု မရှိခြင်း၊ သတ်မှတ်တဲ့အချိန်အတွင်း စာရွက်စာတမ်းအထောက်အထားများ မှန်ကန်စွာ၊ ပြည့်စုံစွာ တင်ပြခြင်းမရှိခြင်းတို့ကြောင့် နှောင့်နှေး ကြန့်ကြာမှုများ ဖြစ်ပေါ်နေတာလည်းပဲ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ စိစစ်နေတဲ့ကြားမှ အချို့ အေဂျင်စီများဟာ တရားမဝင်ပွဲစားများနှင့် ပေါင်းပြီးတော့မှ ကိုယ်ကျိုးစီးပွားအတွက် စဉ်းစား ဆောင်ရွက်တဲ့အတွက် အလုပ်သမားများ နစ်နာဆုံးရှုံးမှုများ၊ ခေါင်းပုံဖြတ်မှုခံရမှုများနဲ့ ရင်ဆိုင်ကြုံတွေ့ နေရပါတယ်။စိစစ်အရေးယူမှုများလည်းပဲ ဆောင်ရွက်နေရတဲ့ အခြေအနေတွေ ရှိနေပါတယ်။ အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် နိုဝင်ဘာလ ၁၈ ရက်နေ့ထိ လိုင်စင်အပြီးရုပ်သိမ်းထားတဲ့ အေဂျင်စီ(၁၈)ခု ရှိပါတယ်။ ကျွန်တော်တို့ ရုပ်သိမ်းထားတဲ့ အေဂျင်စီ(၁၃)ခုရှိပါတယ်။ အဲဒီ အေဂျင်စီတွေကတော့ ပြစ်မှုအပေါ်မူတည်ပြီးတော့မှ အချိန်ကာလနဲ့ ရုပ်သိမ်းထားတဲ့ အေဂျင်စီက (၁၃)ခုရှိပါတယ်။ အလားတူပါပဲ။ အမှုစစ်ဆေးဆဲဖြစ်တဲ့အတွက် ရပ်ဆိုင်းထားတဲ့ အေဂျင်စီတွေလည်း (၁၃)ခု ရှိနေပါတယ်။

ဒ့ါအပြင် ကျွန်တော်တို့ စည်းကမ်းချက်များကို ဖောက်ဖျက်တဲ့အတွက် သတိပေးလက်မှတ် ထိုးထားတဲ့ အေဂျင်စီလည်းပဲ အများအပြား ရှိနေပါတယ်။ ဒါကြောင့်မို့လို့ စေလွှတ်မယ့်နိုင်ငံအလိုက် အလုပ်ခေါ်စာများ အထောက်အထားပြည့်စုံမှု မှန်ကန်မှုအပေါ်မှာ မူတည်ပြီးတော့မှ ကျွန်တော်တို့ ဒီစိစစ်တဲ့အချိန်ဟာ ကြာမြင့်တာတွေဟာ ကွဲပြားမှုအနည်းငယ်ရှိတာကို တွေ့ရှိရပါတယ်။ တကယ်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အေဂျင်စီများရဲ့ စည်းကမ်းလိုက်နာမှုအခြေအနေ၊ အလုပ်သမား များရဲ့ကုန်ကျစရိတ်အနည်းဆုံးနဲ့ ပြည်ပသို့လုံခြုံစိတ်ချစွာ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်နိုင်မှုအခြေအနေနဲ့ သက်ဆိုင်ရာနိုင်ငံများရဲ့ဥပဒေအရ အကာအကွယ်နဲ့ အကျိုးခံစားခွင့် များရရှိနိုင်ရေးအတွက် စိတ်ချယုံကြည်မှုရှိနိုင်မယ့် အခြေအနေများကို တိုးတက်လာမယ်ဆိုရင် ဖြေလျှော့မှုများပြုလုပ်ရန် ကျွန်တော်တို့ အဆင်သင့်ပဲ ဖြစ်ပါတယ်။ အဲဒီအတွက်လည်းပဲ ရည်ရွယ် လုပ်ဆောင်နေတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အေဂျင်စီများအနေနဲ့သော်လည်းကောင်း၊ မြန်မာပြည် ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်အဖွဲ့ချုပ်အနေဖြင့် လည်းကောင်း စာနဲ့ဖြစ်စေ၊ Email နဲ့ ဖြစ်စေ အခက်အခဲ များကို အချိန်မရွေးတင်ပြနိုင်ပါတယ်။ တင်ပြမှုများနှင့် ပတ်သက်ပြီးတော့မှ ဝန်ကြီးဌာနအနေနဲ့

မြန်မာပြည် ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့အကြား ညှိနှိုင်း အစည်းအဝေးများ ပြုပြီးတော့မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပါပဲ အလုပ်သမားများအတွက် အလုပ်ရရှိရေး ဝန်ဆောင်ခ ကုန်ကျစရိတ်များကိုလည်းပဲ အနည်းဆုံးဖြစ်အောင် အေဂျင်စီများကို စနစ်တကျ စိစစ်သတ်မှတ်ပြီး လုပ်ဆောင်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဖြေလျှော့ရမယ့်လုပ်ငန်းစဉ်များကို ဖြေလျှော့ပြီး ဖြစ်ပါတယ်။ ယခုဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များအားလုံး အေဂျင်စီများ သိရှိအောင်လည်း အသိပေးဖြန့်ဝေ လုပ်ဆောင်လျက်ရှိပါတယ်။ ယခုကဲ့သို့ဆောင်ရွက်နေမှုများဟာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မယ့် အလုပ်သမားများကို ကြိုတင်ကာကွယ်စောင့်ရှောက်မှုပြုလုပ်ခြင်းသာ ဖြစ်ပါတယ်။ အလုပ်သမားများရဲ့ ရပိုင်ခွင့် ဆုံးရှုံးမှု၊ နစ်နာမှုမရှိစေရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စနစ်တကျဖြစ်ရေးတို့ကိုလည်း ကျွန်တော်တို့ အဓိက ဆောင်ရွက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများရဲ့ ချမှတ်ထားတဲ့ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှုအခြေအနေပေါ်မူတည်ပြီးတော့မှ ဖြေလျှော့နိုင်ရေးကိုလည်းပဲ ကျွန်တော်တို့ သုံးသပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင်နိုင်ငံတော်အစိုးရအနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ပြီးတော့မှ ပြည်ပရောက် မြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပသို့ အလုပ်သမားစေလွှတ်မှု လုပ်ငန်းစဉ် လွယ်ကူမြန်ဆန်ရေးနဲ့ အလုပ်သမားများ စိတ်ချလုံခြုံစွာ သွားရောက်လုပ်ကိုင်နိုင်ရေးတို့အတွက်ကိုလည်း ချင့်ချိန်သုံးသပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်ဖြေကြားချင်တဲ့အချက်ကတော့ လက်ရှိအနေအထားအများအရ သတ်မှတ်ထုတ်ပြန်ထားတဲ့ ပြည်ပသို့သွားရောက်လုပ်ကိုင်နိုင်မယ့် အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များမှာ အမှန်တကယ်လိုအပ်တဲ့ လုပ်ငန်းစဉ်များဖြစ်ပါတယ်။ ကျွန်တော်တို့ အေဂျင်စီများ ချမှတ်ထားတဲ့ စည်းကမ်းချက်များ သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ပေးရန် အခြေအနေပေါ်မူတည်ပြီးတော့မှ ဖြေလျှော့ပြီးတော့မှ ဆောင်ရွက်ပေးသွားဖို့စီစဉ်ထားပါတယ်။ လောလောဆယ်မှာတော့ ကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များဟာကျွန်တော်တို့ အမှန်တကယ်လိုအပ်တဲ့ လုပ်ငန်းစဉ်များဖြစ်တဲ့အတွက် လောလောဆယ် ဖြေလျှော့ပေးရန်အစီအစဉ်မရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးတော့မှ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးမှ မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် မေးတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ တင်ပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံကလွဲပြီးတော့မှ တရုတ်၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံတို့နဲ့ နယ်စပ်ဒေသစီမံခန့်ခွဲရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များ ချုပ်ဆိုပြီးတော့မှ စာချုပ်ပါအတိုင်း တရားဝင် ဝင်/ထွက်ပေါက်များမှာ ဖွင့်လှစ်ပြီးတော့မှ နှစ်နိုင်ငံ နိုင်ငံသားများကို ခွင့်ပြုလျက်ရှိပါတယ်။ တမူးမြို့ကို မြန်မာ၊ အိန္ဒိယနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်/ ထွက်ပေါက်အဖြစ် သတ်မှတ်နိုင်ဖို့အတွက်ဆိုလို့ရှိရင် မြန်မာနဲ့အိန္ဒိယနိုင်ငံတို့အကြား နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို တခြားနိုင်ငံများနည်းတူ စာချုပ်ရပါမယ်။ စာချုပ်ချုပ်ဆိုပြီးတယ်ဆိုလို့ရှိရင်တော့ စာချုပ်ပါ

အတိုင်း တရားဝင်နယ်စပ် ဝင်ပေါက်/ ထွက်ပေါက်များ သတ်မှတ်ပြီးတော့မှ နှစ်နိုင်ငံ နိုင်ငံသားများကို ဝင်/ထွက် ခွင့်ပြုနိုင်မည်ဖြစ်ပါတယ်။ လောလောဆယ်မှာ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့အကြား တရားဝင် နယ်စပ်ဖြတ်သန်းခွင့် စာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသေးပါဘူး။ စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် နှစ်နိုင်ငံ ညှိနှိုင်းနေတဲ့ အနေအထားပဲ ဖြစ်ပါတယ်။ သို့ရာတွင် နှစ်နိုင်ငံသဘောတူစာချုပ် မချုပ်ဆိုနိုင်သေးတဲ့ ကာလအတွင်းမှ နှစ်နိုင်ငံ နယ်စပ်ဒေသအတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူများ ဝင်/ထွက်မှု ပြုလုပ် နိုင်ရန်အတွက်ကို နှစ်နိုင်ငံဒေသအာဏာပိုင်များ ညှိနှိုင်းပြီးတော့မှ တမူး-မိုးရေး ဝင်/ ထွက်ပေါက်နဲ့ ရိခေါဒါ၊ ဇိုခေါ်သာ၊ (မီဇိုရမ်) ဝင်/ ထွက်ပေါက်များ ဖွင့်လှစ်ထားပြီးတော့မှ နယ်စပ်မှာရှိတဲ့ ပြည်သူများကို ဝင်/ထွက်ခွင့်ပြုလျက်ရှိပါတယ်။ ဒ့ါအပြင် မြန်မာ- အိန္ဒိယနယ်စပ် တမူး-မိုးရေး ဝင်/ ထွက်ပေါက်မှာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လိုတဲ့သူများ ရှိမယ်ဆိုလို့ရှိရင်လည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ထောက်ခံချက်နဲ့ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးကို တင်ပြခွင့်ပြုချက် တောင်းခံပြီးတော့မှ နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်ရရှိမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဌာနအနေနဲ့ ဥပဒေ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဝင်/ထွက်ခွင့် ပြုပေးလျက်ရှိပါတယ်။ ဒီရက်ပိုင်းမှာပဲ ကျွန်တော်တို့ အိန္ဒိယ၊ မြန်မာ၊ ထိုင်းနယ်စပ် ကျွန်တော်တို့ (၃)နိုင်ငံ ဆက်စပ်ပြီးတော့မှ ကားမောင်းပြိုင်ပွဲတွေကိုလည်းပဲ ကျင်းပပေးတာ ဒီအစီအစဥ်နဲ့ ခွင့်ပြုပေးနေခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားလိုတာကတော့ ကျွန်တော်တို့အစိုးရသစ် ကာလမှာ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် မသတ်မှတ်ရသေးခင် ကာလအတောအတွင်းမှာ တမူး- မိုးရေး ဝင်/ ထွက်ပေါက်မှ နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ (၁၂၅)ကြိမ်အထိ ခွင့်ပြု ပေးလျက်ရှိပါတယ်။ သို့ပါ၍ တမူး-မိုးရေး ဝင်/ထွက်ပေါက်ကို မြန်မာ- အိန္ဒိယနယ်စပ် အပြည်ပြည် ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် သတ်မှတ်နိုင်ရေး အစီအစဥ်ရှိကြောင်းနှင့် သဘောတူစာချုပ် ချုပ်ဆို နိုင်ရေး နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၈။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီတမူးမြို့မှာကနေပြီးတော့ မိုးရေးမြို့ကို ဝင်/ထွက်ခွင့် မိုးရေးကနေပြီး တမူးမြို့ကို ဝင်/ ထွက်ခွင့်ကြတော့ ရနေကြပါတယ်။ နှစ်နိုင်ငံဒေသအာဏာပိုင်များရဲ့ အစီအစဥ်နဲ့ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ အထူးခွင့်ပြုချက်ရဖို့ဆိုရင် နိုင်ငံတော် သမ္မတကို တင်ပြရမယ်လို့ဆိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကနေပြီးတော့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာကို ဘုရားဖူးသွားကြမယ့် ပုဂ္ဂိုလ်များအနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ တမူးမြို့ကနေ ဖြတ်သန်းသွား မယ်ဆိုရင် ကုန်ကျစရိတ်လည်း အင်မတန်နည်းပြီးတော့ မြန်လည်း မြန်ဆန်ပါတယ်။ အဲဒီလိုမျိုး ဘုရားဖူးသွားမယ့် ဘုရားဖူးခရီးသည်များအနေနဲ့ လျှောက်ထားမယ်ဆိုရင် နိုင်ငံတော်သမ္မတရုံးက အလွယ်တကူ ခွင့်ပြုချက် ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၂၉။**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့ ဆက်စပ်မေးခွန်းကတော့ ကျွန်တော်တို့ နိုင်ငံအပိုင်းကတော့ အလွယ်တကူ ခွင့်ပြုပေးနိုင်ပါတယ်။ သို့သော် လက်ခံတဲ့ အိန္ဒိယနိုင်ငံပိုင်းက လက်ခံနိုင်ခြင်းရှိ/မရှိ ဒါလေးကို စဉ်းစားရမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အတွေ့အကြုံအရ တင်ပြရမယ်ဆိုလို့ရှိရင် နှစ်နိုင်ငံ နိုင်ငံများအနေနဲ့၊ နှစ်နိုင်ငံအစိုးရများ အနေနဲ့ သဘောတူစာချုပ် တရားဝင် မချုပ်ဆိုဘူးဆိုရင် ခွင့်ပြုဖို့က အင်မတန် ခက်ခဲတဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ကျွန်တော်တို့ ဘုရားဖူးများအပါအဝင် စီးပွားရေးကုန်သည်များ၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုတိုးတက်ဖို့ ကျွန်တော်တို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ခရီးသွားလာမှုတိုးတက်ဖို့ အပါအဝင် အဘက်ဘက်က နှစ်နိုင်ငံပိုမိုပြီးတော့မှ ဖွံ့ဖြိုး တိုးတက်ဖို့အတွက် ကူးလူးဆက်ဆံမှုရှိနိုင်ဖို့အတွက်ကို အမြန်ဆုံး နှစ်နိုင်ငံစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် အိန္ဒိယနိုင်ငံကလည်းပဲ ဆန္ဒပြင်းပြနေပါတယ်။ ကျွန်တော်တို့ဘက်ကလည်းပဲ အမြန်ဆုံး ဆောင်ရွက်နေပါ တယ်။ အဲဒီလို ဆောင်ရွက်ပြီးမှသာ အဆင်ပြေမှာဖြစ်နိုင်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]